မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည်အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၂၀)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၆ ရက်၊ တနင်္ဂနွေနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရား
ပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော
မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း
တရားမှန်ကိုသိကုန်၏။ **ဓမ္မပဒ**

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်

နေပြည်တော် ဩဂုတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ် သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ရုရှားနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားနိုင်ငံဝန်ကြီးချုပ်၊ ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားအစိုးရပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး၊ မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးနှင့် စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေး ကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် မြန်မာ - ရုရှား စီးပွားရေးဖိုရမ်သို့လည်း တက်ရောက်သွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါသွားမည်ဖြစ်သည်။

မြဝတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်သို့တက်ရောက်၍ ကုံကော်ပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

နိုင်ငံတော်အနေဖြင့်နှစ်စဉ် သစ်ပင်စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးရာသီတွင် နိုင်ငံနှင့်အဝန်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၁ ဒသမ ၃၇ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီးဖြစ်



နေပြည်တော် ဩဂုတ် ၁၅

၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဒကွိဏာသီရိမြို့နယ်၊ သံတမန်ဇုန်၏ မြောက်ဘက် သစ်ခွလမ်းနှင့် ကစ္ဆပနဒီလမ်းဘေးဝဲယာတို့တွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်တက်ရောက်၍ ကုံကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ★

ဦးဆောင်စိုက်ပျိုး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားတွင် ကုံကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

လျှပ်စစ်မာတ်အားသုံးစွဲသူ မိဘပြည်သူများသို့အသိပေးမေတ္တာရပ်ခံခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားပျော်ဆုံးမှုများ လျော့နည်းပျောက်စေရေးအတွက် စွမ်းဆောင်ရည်ကျဆင်းနေသည့် မီတာများနှင့်အသုံးပြုသက်တမ်း နှစ် ၂၀ ကျော်နေသည့် မီတာများအား လဲလှယ်ပေးခြင်းတို့အပြင် လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရရှိသေးသည့် မိဘပြည်သူများအနေဖြင့်လိုအပ်သည့် လျှပ်စစ်မီတာအသစ်များကို လျင်မြန်စွာ ရရှိနိုင်ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ ပါဝင်ပတ်သက်မှုများမှ ကင်းဝေးစေပြီး အချိန်နှင့်စရိတ်စကများ သက်သာစေရန်ရည်ရွယ်၍ **စာမျက်နှာ ၃ ကော်လံ ၁** ➪

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ (၁၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်

စာ - ၆ သို့

အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၆ ရက်)

အနာဂတ်အတွက် အရေးကြီးသောရင်းနှီးမြှုပ်နှံမှု

"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုသည့်မူဝါဒနှင့်အညီ ပတ်ဝန်းကျင်ဂေဟစနစ်တည်ငြိမ်ကောင်းမွန်စေရန်၊ နိုင်ငံတစ်ဝန်းစိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုပြောင်းလဲမှုလျော့ချနိုင်ရန်အတွက် သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ သစ်ပင်စိုက်ပျိုးရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခြင်းနှင့်အတူ တစ်ပင်စိုက်တစ်ပင်ရှင်သန်စေဖို့အတွက် ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေကြရမည်ဖြစ်သည်။ သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိများအားလုံး ရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါသည့်အပြင် ရာသီဥတုမျှတရေး၊ စားရေရိက္ခာဖူလုံရေး၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ရေနှင့် မြေဆီလွှာထိန်းသိမ်းရေး စသည့်ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိသည်။

နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ဦးဆောင်ကာ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်များကျင်းပနေခြင်းမှာ နိုင်ငံအဝန်း သစ်တောဖုံးလွှမ်းမှုများတိုးပွားလာစေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ သစ်ပင်များစိုက်ပျိုးခြင်းဖြင့် မြို့ရွာများသန့်ရှင်းသပ်ရပ်စိမ်းလန်းစိုပြည်ပြီး နေထိုင်သူတို့၏စိတ်နှလုံးကိုအေးမြစေမည်ဖြစ်သည်။ သစ်ပင်အရိပ်အာဝါသရှိသည့်နေရာသည် သစ်ပင်မရှိသည့်မြို့ပြနေရာများထက် အပူချိန် ၂ ဒီဂရီဆဲလ်စီးယပ်မှ ၈ ဒီဂရီဆဲလ်စီးယပ်အထိ ပိုမိုအေးမြစေသည်။ ထို့ကြောင့် နိုင်ငံတော်ကဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ စုပေါင်းညီညာအောင်ကြောင်းဖြာဆိုသည့်အတိုင်း မည်သည့်ကိစ္စရပ်မဆို အားလုံးကတက်ညီလက်ညီပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်ခြင်းကိုရယူရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သစ်ပင်သစ်တောများ၊ မြစ်ချောင်းအင်းအိုင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များပြည့်စုံစွာရှိနေသည့်နိုင်ငံဖြစ်သည်။ အမျိုးအစားစုံလင်လှသည့် ဂေဟစနစ်များ၊ သစ်ပင်သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝသယံဇာတများသည် နိုင်ငံ၏စားရေရိက္ခာထုတ်လုပ်နိုင်မှု၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်မှု၊ သဘာဝပတ်ဝန်းကျင်သာယာဝပြောမှုနှင့် ရာသီဥတုသမမျှတစေမှုတို့အတွက် ရေခံမြေခံအခြေခံကောင်းများဖြစ်သည်။ သစ်ပင်သစ်တောများသည် သဘာဝဂေဟစနစ်များ၏ ဗဟိုချက်ဖြစ်သည့်အတွက် ရေရှည်တည်တံ့စေရန် စနစ်တကျစိုက်ပျိုးပြုစုထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

"မြေဆီစိုခိုက်သစ်ပင်စိုက်" ဆိုသည့်ဆိုရိုးနှင့်အညီ ယခုကဲ့သို့ မုတ်သုံမိုးရွာသွန်းချိန်သည် မြေဆီလွှာများစိုစွတ်ပျော့ပျောင်းလာပြီး ရေဓာတ်ပြည့်ဝလာသည့်အတွက် အပင်ငယ်များ လွယ်ကူစွာအမြစ်တွယ်ပြီး ရှင်သန်ကြီးထွားရန်အကောင်းဆုံးနှင့် အသင့်တော်ဆုံးအချိန်ဖြစ်သည်။ မုတ်သုံမိုးနှင့်အတူ သစ်ပင်များအချိန်ကိုက်စိုက်ပျိုးသွားကြမည်ဆိုပါက အစိုဓာတ်လုံလုံလောက်လောက်ရရှိခြင်းကြောင့် ရှင်သန်ကြီးထွားမှုကောင်းပြီး ပူပြင်းခြောက်သွေ့သည့်နွေရာသီကို အောင်မြင်စွာဖြတ်ကျော်ရှင်သန်နိုင်မည်ဖြစ်သည်။ ယခုနှစ် မိုးရာသီသစ်ပင်များစိုက်ပျိုးလျက်ရှိရာတွင် တစ်ပင်စိုက်တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန်စေရန်အတွက် ပျိုးပင်သက်နှစ်နှစ်ရှိပြီး ပျိုးပင်အမြင့် ၂ ပေနှင့်အထက် ကျန်းမာကြံ့ခိုင်သည့်ပျိုးပင်များကို စိုက်ပျိုးနေခြင်းဖြစ်၍ ရှင်သန်မှုရာနှုန်းပြည့်ရှိနေမည်ဖြစ်သည်။

ကမ္ဘာနှင့်အဝန်းရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကိုဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိသည့်အထဲမှ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့်အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့်လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ မိမိတို့နိုင်ငံသည် အာဆီယံဒေသတွင်း နိုင်ငံများထဲတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသစ်တောဖုံးလွှမ်းမှုသည် ၂၀၂၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည့်အတွက် နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းရောက်အောင် ရည်မှန်းချက်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နှစ်စဉ် သစ်တောစိုက်ခင်းအမျိုးမျိုးတည်ထောင်လျက်ရှိသကဲ့သို့ ယခုနှစ် မိုးရာသီတွင် နိုင်ငံအဝန်း သစ်တောစိုက်ခင်းဧက သုံးသောင်းကျော်၊ **သစ်ပင်ပေါင်း ၂၁ ဒသမ ၃၆ သန်း** စိုက်ပျိုးတည်ထောင်မည်ဖြစ်ကြောင်းသိရှိရသည်။ အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပူပိုင်းဒေသ(၁၃)ခရိုင်၊ မီးရထားလမ်းများ၊ အာဆီယံလမ်းမကြီးနှင့် ကားလမ်းဘေးဝဲ/ယာများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ အင်းလေးကန်တစ်ဝိုက် ဧရိယာများနှင့်ကမ်းရိုးတန်းဒေသများတွင် သစ်ပင်များစိုက်ပျိုးခြင်းကို ဆက်စပ်ဌာနများ၊ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သစ်တောသယံဇာတပေါကြွယ်ဝမှုနှင့် နိုင်ငံလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေပြီး သစ်တောဖုံးလွှမ်းမှုတိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုများမှာလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ သစ်တောများသည် ရာသီဥတုကိုမျှတစေပြီး သဘာဝအရင်းအမြစ်များစွာကို ထိန်းသိမ်းနိုင်ခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ်တစ်ခုအဖြစ် စီးပွားရေးတည်ငြိမ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းများကို **"အနာဂတ်အတွက်အရေးကြီးသော ရင်းနှီးမြှုပ်နှံမှု"** အဖြစ် ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် သုတ၊ ရသစုံလင်သည့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေး

စဉ့်ကိုင် ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာအုပ်စာစောင်များ ဖတ်ရှုလေ့လာခြင်းဖြင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ပိုမိုတိုးပွားလာစေရန်၊ စာပေနှင့်ရင်းနှီးကျွမ်းဝင်မှုရရှိပြီး အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ စာဖတ်ခြင်းအကျိုးကျေးဇူးများသိရှိနားလည်လာစေရန်နှင့် စာပေချစ်မြတ်နိုးသူများပေါများလာစေရန် ရည်ရွယ်ချက်များဖြင့် ဘယ်လင်းအကျဉ်းဦးစီးဌာနသို့ သွားရောက်၍ နယ်လှည့်စာကြည့်တိုက်(Mobile Library)စနစ်ဖြင့် သုတ၊ ရသစုံလင်သည့် စာအုပ်စာစောင်များအခမဲ့ငှားရမ်းပေးခြင်းကို ဩဂုတ်လ ၁၄ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒုတိယဦးစီးမှူး ဒေါ်စန္ဒာအေးအောင်က မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်စာစောင်များ လာရောက်ငှားရမ်းရန် မအားလပ်သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအား နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် သုတ၊ ရသစုံလင်သည့် စာအုပ်စာစောင်များကို အခမဲ့ငှားရမ်းပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘယ်လင်းအကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား တစ်ဦးလျှင် စာအုပ်နှစ်အုပ်ဖြင့် ခုနစ်ရက်ကြာ ဖတ်ရှုနိုင်ကြောင်းနှင့် အသင်းဝင်အသစ်များကို အသင်းဝင်စာငှားကတ်များ ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြည်သူများ စာပေကို အလွယ်တကူဖတ်ရှုလေ့လာနိုင်ရေးအတွက် ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများအရောက် အပတ်စဉ်လိုက်လံငှားရမ်းပေးသွားမည်ဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့ စာပေချစ်မြတ်နိုးသူတိုင်း အသင်းဝင်ရောက်ပြီး အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

ပွင့်ဖြူမြို့နယ်၌ ပဲတီစိမ်း ၆၁၉ ဧကထိ ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၉ ဒသမ ၄၃ တင်းထွက်ရှိ

ပွင့်ဖြူ ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ဒေသခံတောင်သူများက ဇူလိုင်လမှစပြီး ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ ၆၁၉၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၉ ဒသမ ၄၃ တင်းထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲတီစိမ်းသီးနှံ ၆၇၇၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေကို ဇူလိုင်လကစပြီး ရိတ်သိမ်းခြွေလှေ့ခဲ့ရာ ဒီနေ့မှာတော့ ၆၁၉၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းသီးနှံရိတ်သိမ်းတာနဲ့ပတ်သက်ပြီး အထွက်နှုန်းများလျော့နည်းမှုမဖြစ်အောင် အချိန်မီစနစ်တကျရိတ်သိမ်းနိုင်ကြဖို့ တောင်သူတွေကို သီးနှံရိတ်သိမ်းနည်းအဆင့်ဆင့်ကို အသိပညာပေးတာတွေ ဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးတောင်သူများသီးနှံအထွက်နှုန်းကောင်းမွန်စေရန်နှင့် တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ မြေဩဇာနှင့်စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲတတ်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးနှင့် အချိန်မီသီးနှံရိတ်သိမ်းနည်းပညာများ စသည့်အသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါတိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

သင်္ဂီ(FM)အသံလွှင့်အစီအစဉ်

၁၆-၈-၂၀၂၆(တနင်္ဂနွေနေ့)

၁။	၀၈:၀၀ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ	၄။	၁၄:၅၅ Sporty Zone
၂။	၁၀:၄၀ နိပါတ်တော်လာသိမှတ်စရာ	၅။	၁၈:၂၀ Relaxing Moment
၃။	၁၃:၃၀ Music Crazy	၆။	၂၁:၄၀ အသံလွှင့်ဓာတ်လမ်း

မြဝတီ ခုနှစ်၉ The MyawadyDaily

Online Newspaper

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ဒေါ်နုင်းဝတ်ရည်မွေး၊ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ


နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm



စိုက်ပျိုးရေးတက္ကသိုလ် ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်မွမ်းမံသည့်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

နေပြည်တော် ဩဂုတ် ၁၅

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းစိုက် ပျိုးရေးတက္ကသိုလ်၏ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်မွမ်းမံသည့်လုပ်ငန်းများအားလုံးရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ဘောလုံးကွင်းပြင်ဆင်ဆောင်ရွက်နေမှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ခဲ့မှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေးနှင့် တက္ကသိုလ် ပရိဂုဏ်သန့်ရှင်းသပ်ရပ်ရေး၊ အဓိပတိလမ်းမမွမ်းမံပြင်ဆင်ရေး လိုအပ်သည်များမှာကြား ခဲ့ကြောင်း သိရသည်။

မြဝတီ

➫ ရှေ့ဖုံးမှအဆက်

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ Website မှတစ်ဆင့် ရုံးချုပ်သို့ တိုက်ရိုက်လျှောက်ထားခြင်းများကိုလည်း စတင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယင်းသို့ Smart Meter စနစ်သို့ ကူးပြောင်းနိုင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေသကဲ့သို့ Analog မီတာများအပါအဝင် Smart Meter စနစ်နှင့် ချိတ်ဆက်နိုင်ခြင်းမရှိသေးသည့် မီတာများ အသုံးပြုနေသည့် ပြည်သူများအနေဖြင့် ကိုယ်တိုင်မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခုတည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မကြာမီအချိန်အတွင်း စမ်းသပ်အသုံးပြုသွားမည်ဖြစ်ပါသည်။

၃။ ထို့အပြင် ဓာတ်အားခိုးယူသုံးစွဲမှုများတွင် ပါဝင်ပတ်သက်မှုရှိသည့် ဝန်ထမ်းများကို ထိရောက်စွာအရေးယူခြင်း၊ လုပ်ငန်းရှင်များကိုလည်း လျှပ်စစ်ဥပဒေနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းအရေးယူခြင်းတို့ကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

၄။ သို့ဖြစ်၍ ဓာတ်အားခိုးယူသုံးစွဲမှုများ လျော့နည်းပျောက်လာသည်နှင့်အမျှ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ်သည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် လျှပ်စစ်ဓာတ်အားမရရှိသေးသည့်ပြည်သူများသို့ ပိုမိုရှိတိုးမြှင့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို စနစ်တကျအသုံးပြု၍ ကိုယ်ချင်းစာစိတ်များဖြင့် ပိုမိုမူးပေါင်းဆောင်ရွက်ပေးကြပါရန်နှင့် မသမာမှုအားတွေ့ရှိရပါကလည်း အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့၍ တိကျစွာတိုင်ကြားနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

(က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (ရုံးချုပ်) - ၀၆၇-၃၄၁၀၀၇၂

(ခ) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) - ၁၇၁၇

(ဂ) မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC) - ၁၆၁၆၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)

(ဃ) ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ - ၀၆၇-၃၄၁၀၄၀၇ ၀၉-၆၈၂၂၃၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့နှင့် ဟိုက်ဒရာဘတ်မြို့တို့ရှိ ဒီဂျစ်တယ်အခြေခံနည်းပညာများနှင့် ရုပ်ရှင်ဖလင်များပြန်လည်ထိန်းသိမ်းမှုဆိုင်ရာ လုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ကြည့်ရှုလေ့လာ



နေပြည်တော် ဩဂုတ် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ဩဂုတ်လ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့နှင့် ဟိုက်ဒရာဘတ်မြို့တို့ရှိ ဒီဂျစ်တယ်နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများဖြင့် ရုပ်ရှင်နှင့်မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်မှုနှင့် ရှေးဟောင်းရုပ်ရှင်ဖလင်များ၊ ဇာတ်ကားများအား ဒီဂျစ်တယ်စနစ်ဖြင့် ပြုပြင်ထိန်းသိမ်းနေမှုကိုကြည့်ရှု၍ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့်အစီအစဉ်များကိုဆွေးနွေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ်လ ၁၄ ရက်တွင် ချန်နိုင်းမြို့ရှိ Prasad Labs သို့သွားရောက်ပြီး ရုပ်ရှင်ပညာရပ်ဆိုင်ရာသင်တန်းများဖွင့်လှစ်သင်ကြားနေမှု၊ ရုပ်ရှင်ဖလင်နှင့် ရုပ်ရှင်ဇာတ်ကားများကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ ပြုပြင်နေမှု၊ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကာ မြန်မာနိုင်ငံရှိ ရှေးဟောင်းရုပ်ရှင်ဇာတ်ကားများနှင့် ရုပ်ရှင်မော်ကွန်းတိုက်ရှိဖလင်များ စနစ်တကျထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် နည်းပညာများပေးရန်ကိစ္စများနှင့် ရုပ်ရှင်နှင့်မီဒီယာသင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးရန်ကိစ္စများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးဆောင်ရွက်ခဲ့သည်။

အလားတူ ဩဂုတ်လ ၁၅ ရက်တွင် ဟိုက်ဒရာဘတ်မြို့ရှိ Prasad Labs ၏ Film Post Production၊ Prasad IMAX-Theatre and Mall တို့သို့သွားရောက်၍ ရုပ်ရှင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် စွန့်ပစ်ပစ္စည်းများမှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ရေး ဆိုင်ရာအသိပညာများအား မီဒီယာနည်းလမ်းများမှတစ်ဆင့် ပညာပေးဆိုင်ရာကိစ္စများကို လှည့်လည်ကြည့်ရှုဆွေးနွေးဆောင်ရွက်ခဲ့သည်။

ညနေပိုင်းတွင် Startup အဆောက်အအုံများထဲမှ နည်းပညာနှင့် စီးပွားရေးစင်တာဖြစ်သည့် T-Hub (Technology Hub) သို့သွားရောက်ပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သတင်းအချက်အလက်နည်းပညာဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြဝတီ

ဘားအံမွေးမြူရေးဇုန် မြေရိယာ ၁၃၇ ဒသမ ၄၆ ဧကတွင် အကွက်ပေါင်း ၁၀၆ ကွက်ဖော်ဆောင်၍ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

ဘားအံ ဩဂုတ် ၁၅

ဘားအံမွေးမြူရေးဇုန်ကို ၂၀၂၁ ခုနှစ်တွင် စတင်ဖော်ဆောင်၍ ၂၀၂၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး မြေရိယာ ၁၃၇ ဒသမ ၄၆ ဧကတွင် အကွက်ပေါင်း ၁၀၆ ကွက် ဖော်ဆောင်၍ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးသည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဘားအံမွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ တောင်သူများနှင့်တွေ့ဆုံရာ ဇုန်ကော်မတီမှ တာဝန်ရှိသူများ၊ မွေးမြူရေးတောင်သူများက မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရာတွင်ကြုံတွေ့ရသည့် အခြေအနေ၊ လိုအပ်ချက်များနှင့် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များ ဆွေးနွေးတင်ပြမှုအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဘားအံမွေးမြူရေးဇုန်အတွင်းရှိ တောင်သူဒေါ်နန်းဝင်းဌေး၏ အသားတိုးဝက်မွေးမြူရေးခြံ၊ တောင်သူ နန်းဆုသီရိစံနှင့် တောင်သူ ဦးမျိုးသန့်နိုင်တို့၏ ဒေသဆိတ်မွေးမြူရေးခြံ၊ တောင်သူ ဦးကျော်မြင့်၏ Brahman အသားစားနွားနှင့် Charolais နို့စားနွားမွေးမြူရေးခြံ၊ တောင်သူစောခင်ကျော်ဦး၏ ဒေသကြက်မွေးမြူရေးခြံတို့ကိုလည်းကောင်း၊ တောင်သူ ဦးသိန်းမြင့်၏ တိရစ္ဆာန်အစာမြက်မျိုးများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ မွေးမြူရေးဇုန်အတွင်းမှထွက်ရှိသည့် တိရစ္ဆာန်အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ သဘာဝမြေဩဇာထုတ်လုပ်သည့် ဩဇာမင်းသဘာဝမြေဩဇာစက်ရုံကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့အတူ ဘားအံမြို့နယ် ကော့သင်းရှေးကျေးရွာ ကွင်းအမှတ်-၁၁၆၇ ရှိ တောင်သူဦးရွှေမြား၏ မိုးစပါး (RS-CS) မျိုးစေ့ထုတ်စံပြစိုက်ခင်း ၄ ဧကအတွင်း ဖြုတ်ပိုး ကျရောက်မှုအား ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်း၍ VITAGRO 50 CE ရေဖျော်ပိုးသတ်ဆေးကို ဆေးဖျန်းပုံးအသုံးပြု၍ ဆေးဖျန်းနေမှုကို ကြည့်ရှုအားပေးပြီး ဆက်စပ်စိုက်ခင်းများတွင်ပိုးသတ်ဆေးပက်ဖျန်းနိုင်ရန် တောင်သူများအား VITAGRO 50 CE ပိုးသတ်ဆေးဘူးများကို အခမဲ့ပေးအပ်သည်။

အလားတူ ယခုနှစ် နှစ်လယ်ပိုင်းတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ပေါ်ပေါက်သက်ရောက်မှုရှိနိုင်သဖြင့် ဘားအံမြို့နယ် နောင်ခရိုင်ကျေးရွာ ကွင်းအမှတ် - ၁၁၈၇ ရှိ ရေကျနောက်စိုက် မိုးစပါး ဧက ၁၀၀ ကျော် စိုက်ပျိုးနိုင်ရန် စုပေါင်းထွန်ယက်နေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများ၏ စက်သုံးဆီနှင့် လိုအပ်ချက်များတင်ပြမှုအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၁၅

ယနေ့ည နေ့ ၁၁ နာရီ ၂၄ မိနစ် ၅၂ စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၉၇၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Northern Sumatra, Indonesia) မြောက်လတ္တီတွဒ် ၃ ဒသမ ၀၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၀၆ ဒီဂရီ၊ အနက် ၁၆၈ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၆ ဒသမ ၈ (M) အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

(မိုး/ဇလ)

ရတနာပုံဝတ္ထု

ရွှေဥဒေါင်း



ယမန်နေ့မှအဆက်

လက်ဖက်ရည်သောက်ပြီးကြလျှင် မိမိရီသည် တခြားသူမမြင်အောင် မောင်ထွန်းမြတ်ကို လက်တို့၍ -

"အပြင်ခဏလောက် လိုက်ခဲ့စမ်းပါရှင်" ဟုပြော၍ အိမ်ပြင်သို့ထွက်သွားလျှင် မောင်ထွန်းမြတ်လည်း ထွက်လိုက်သွားလေ၏။

ခင်စိန်ကြည်မှာ တခြားသူတို့နှင့်စကားပြော၍နေသော်လည်း မိမိရီကိုဂရုစိုက်၍ စောင်းမြောင်းကြည့်နေသည်ဖြစ်သောကြောင့် မိမိရီက လက်တို့၍ခေါ်သည်ကို မြင်လိုက်ရသဖြင့် ပြတင်းပေါက်တစ်ခုသို့ သွားပြီးလျှင် ချောင်းမြောင်းကြည့်ရှုလျက်နေလေ၏။ ခင်စိန်ကြည်သည် မောင်ထွန်းမြတ်နှင့် အကြောင်းပါသည့်နေ့မှစ၍ ဤမျှလောက် စိတ်နလုံးမချမ်းမသာမဖြစ်ရရှာဖူးကုန်။

မိမိရီလည်း အိမ်ပြင်သို့ရောက်လျှင် ဝင်းထောင့်အနီးသို့သွား၍ အိမ်ဘက်သို့ လှည့်ကြည့်ရာ လလည်းသာသည်နှင့် ခင်စိန်ကြည်သည် မောင်ထွန်းမြတ်နှင့် မိမိရီတို့စကားပြောနေသည်ကို မြင်ရလေ၏။

ရီ။ ။"ကျွန်မတို့က ဒီအိမ်လာပြီး ကိုထွန်းမြတ်တို့ကို အင်မတန်ဒုက္ခပေးနေတာပဲ၊ ကျွန်မလည်း မပြောသေးဘူးလို့ နေတာ မနေနိုင်ဘူးရှင်"

မြတ်။ ။"ဘယ်ကဒုက္ခပေးရမလဲ ဘာပြောချင်လို့လဲ"

ရီ။ ။"ကိုသက်ညွှန့်ဆိုတဲ့လူက ဆံပင်မကောင်းဘူးလား" ဟုမေးလျှင် မောင်ထွန်းမြတ်သည် မိမိအား ဤအကြောင်းကို ပြောရန် အိမ်ပြင်သို့ခေါ်လာသည်ဟု လွန်စွာအံ့သြလျက် မိမိရီကို ရှူးပြီထ၍ "ဆံပင်ကောင်းရင် ဘာဖြစ်သလဲ" ဟု ခပ်ငေါက်ငေါက်နှင့်မေးလိုက်ရာ-

ရီ။ ။"အသားလည်း ဖြူတယ်"

မြတ်။ ။"ဖြူရင်ကော ဘာဖြစ်သလဲ"

ရီ။ ။ "ရုပ်လည်းချောတယ်"

မြတ်။ ။ "မိမိရီ ဒီကနေ့ည ဘာဖြစ်သလဲ"

ရီ။ ။"ရန်ကုန်သားဆို"

မြတ်။ ။"ဘာဖြစ်သလဲ ဒါ"

ရီ။ ။"လက်မှာလည်း စိန်လက်စွပ်ကြီး ဝတ်ထားတယ်မဟုတ်လား"ဟုပြောလျှင် မောင်ထွန်းမြတ်သည် မိမိရီပြောသည်ကို ရိပ်မိ၍ အတန်ငယ်စဉ်းစားပြီးလျှင် -

"အင်း ... မိမိရီ အခုပြောမှသတိရတယ်၊ မောင်ဘချိုပြောတဲ့လူပုံနဲ့တော့ ကိုက်တာပဲ"

သို့သော် "မဟုတ်နိုင်ပါဘူး မိမိရီရယ်၊ ဟုတ်ပုံမရပါဘူး"

"ဒါတော့ ကျွန်မလည်းမပြောတတ်ဘူးလေ၊ တူလို့ပြောရတာပဲ၊ ညနေကတစ်ခါမြင်တော့ သတိမရပါဘူး၊ ခုတင်ကမှ ဆံပင်ဖားလျားချနေတာမြင်တော့ ဖြုန်းခနဲသွားပြီး သတိရတာနဲ့ ကျွန်မဖြင့် လက်ဖက်ရည်တောင် ဖြောင့်အောင်မသောက်နိုင်ဘူး၊ ဟုတ်တယ်၊ မဟုတ်ဘူး၊ အသေအချာသိရအောင် ဘယ့်နယ်လုပ်မလဲ"

"အင်း ... ဟုတ်တယ်၊ ဒါဖြင့် မောင်ဘချိုကို ၄၊ ၅၊ ၁၀ ရက်အတွင်း ဒီရောက်အောင် ခေါ်မှ နေရာကျမယ်၊ သူဘယ်မှာနေတယ်တဲ့လဲ"

"ကျွန်မလည်း မသိဘူး၊ သူ့ဆီက စာမရတာကြာလှပြီ"

"အဲဒါက ခက်တယ်၊ ဒါဖြင့် မောင်သက်ညွှန့်ကို နည်းနည်းတီးခေါက်ကြည့်ရမှာပဲ၊ အသေအချာတော့ မောင်ဘချိုရှိမှပဲ သိနိုင်မယ်" "သူဒီမှာ ဘယ်နရက်ကြာမယ်တဲ့လဲ"

"၁၀ ရက်လောက် ကြာလိမ့်မယ်ပြောတယ်"

"ဒီအတွင်းများ မောင်ကြီးလာရင်တော့ အင်မတန်နေရာကျမှာပဲနော်"ဟုပြော၍ အိမ်ဘက်သို့လျှောက်လာကြရာ မောင်ထွန်းမြတ်က "ဟုတ်တယ်၊ သူဒီမှာရှိတဲ့အခိုက် ထောက်လှမ်းစုံစမ်း"ဟုပြောဆဲတွင် မောင်သက်ညွှန့်လည်း ယပ်တောင်ကလေးနှင့်လေညင်းခံရင်း လမ်းလျှောက်နေသည်နှင့် ရုတ်တရက်တွေ့ဆုံကြလျှင် မောင်သက်ညွှန့်က အကျမ်းတဝင်နှုတ်ဆက်၍ အတူလိုက်မည်ကဲ့သို့ပြုလေလျှင် မောင်ထွန်းမြတ်က လက်ပြ၍ "ကျွန်တော် အခုပဲလာခဲ့ပါမယ်၊ သွားနှင့်ပါ"ဟု ပြောသောကြောင့် မောင်သက်ညွှန့်လည်း အိမ်တွင်းသို့ဝင်နှင့်လေ၏။

အိမ်တွင်းသို့ရောက်လျှင် ပြတင်းပေါက်အနီးတွင်ရပ်၍ ချောင်းမြောင်းကြည့်နေသော ခင်စိန်ကြည်နှင့်တွေ့ရာ မောင်သက်ညွှန့်က-

"မိမိရီဆိုတာ ဘယ်သူလဲ၊ သူတို့နှစ်ယောက် အင်မတန်နေရာကျနေတယ်မှတ်တယ်၊ ဒီကနေ့ ညနေချည်းပဲ နှစ်ခါရှိပြီတွေ့တာ"ဟုပြောလျှင် -

"ဘာပြောတယ်ရှင်က"ဟု ခင်စိန်ကြည်က ခပ်မာမာမေးလိုက်လျှင် -

"စိတ်မရှိပါနဲ့ဗျာ၊ တွေ့တဲ့အကြောင်းပြောတာပါ"

■ ■ ■ ■ ■

အခန်း (၁၉)

မောင်သက်ညွှန့်သည် မောင်ထွန်းမြတ်အိမ်တွင် ဧည့်သည်အဖြစ်နှင့် ခုနစ်ရက်ခန့်နေထိုင်လျက်ရှိရာ ခင်စိန်ကြည်သည် မိမိ၏လင်အတွက် တစ်နေ့ထက်တစ်နေ့ စိတ်မချမ်းသာဘဲရှိလေ၏။ မောင်သက်ညွှန့်လည်း တခြားသို့သွားရန်ကိစ္စမရှိ၍ အိမ်တွင်နေသည့်အခါ၌ မောင်ထွန်းမြတ်ကို မိမိရီနှင့်ထင်ယောင်ထင်မှားဖြစ်စေရန် ကြိုးစားအားထုတ်၍ ပြောဆိုလေ၏။

ခင်စိန်ကြည်မှာ မောင်သက်ညွှန့်ပြောသည်ကို ယုံကြည်ခြင်းမရှိသော်လည်း မိမိမျက်စိနှင့် မြင်ရသည့်အကြိမ်ပေါင်းလည်းများလှသည်နှင့် အထင်လွဲလျက်ရှိရသည်အတွင်း မောင်သက်ညွှန့်က ထပ်၍ ပြောပြန်လျှင် သတိပေးဘိသကဲ့သို့ ရှိလေ၏။

ၿငိးနေ့၌လည်း ခင်စိန်ကြည်သည် ရိုးတိုက်မှ ဝယ်ရန်တစ်ခုရှိ၍ မြင်းရထားနှင့် မိမိရီတို့၏အိမ်ရှေ့မှဖြတ်၍သွားလေလျှင် မိမိရီနှင့်မောင်ထွန်းမြတ်တို့သည် ဝင်းပေါက်အနီး ထိုင်ခုံတစ်ခုပေါ်တွင် ထိုင်၍ စကားပြောနေကြရာ အရေးကြီးသည့်စကားဖြစ်သောကြောင့် မြင်းရထားကို လှည့်၍မကြည့်နိုင်ကြဘဲရှိရကား ခင်စိန်ကြည်က -" တယ်စကားကောင်းနေကြပါကလား"ဟု အောက်မေ့မိလေ၏။ ဝယ်ရန်ရှိသမျှကို ဝယ်ပြီး၍ပြန်လာသော အခါ၌လည်း မောင်ထွန်းမြတ်တို့သည် ၎င်းနေရာ၌ပင် ထိုင်လျက်ရှိကြသေးသည်ကို ခင်စိန်ကြည်မြင်ပြန်လျှင် မိမိလင်အပေါ်၌ များစွာစိတ်ဆိုး၍ အံကြိတ်လျက် အိမ်သို့ပြန်လာခဲ့ရလေ၏။

နောက်တစ်နေ့နံနက်၌ ဝန်ထောက်ကြီးတို့သားအမိ၊ သားအဖသုံးယောက်တို့သည် ထမင်းပွဲတွင်ထိုင်လျက်ရှိကြစဉ် စာပို့ကုလားသည် ဝင်းအတွင်းကိုဝင်လာသော အခါ မိမိရီသည် ထမင်းပွဲမှထ၍ အိမ်ပြင်သို့ထွက်သွားရာ "စာတစ်စောင်တည်းပါတယ်မမ"ဟုပြော၍ စာတစ်စောင်ကို ပေးသွားလေ၏။

မိမိရီလည်း စာကိုယူ၍ ထမင်းပွဲတွင် ထိုင်မိလျှင် ဝန်ထောက်ကြီးက "ဘယ်က စာလဲ" ဟုမေးရာ -

"မမဆီကစာပါဖေဖေရဲ့"

"ဒါဖြင့် ဖတ်လေ ဘာအကြောင်းလဲ"

"ဟုတ်ကဲ့၊ ဖတ်ပါ့မယ်ဖေဖေရဲ့" ဟုပြော၍ စာကိုဖွင့်လေလျှင် စက္ကူခေါက်ကလေးတစ်ခုသည် စာအိတ်အတွင်းမှကျသွားလေ၏။

ဆက်လက်ဖော်ပြပါမည်။

ကျောင်းသား ကျောင်းသူများ စာဖတ်ရှုနိုင်မြင့်မားပြီး ဗလငါးတန်နှင့်ပြည့်စုံစေရန် လူငယ်စကားဝိုင်းဆွေးနွေး

သဲကုန်း ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှုနိုင်မြင့်မားပြီး ဗလငါးတန်နှင့်ပြည့်စုံစေရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ်လ ၁၄ ရက်က အခြေခံပညာအလယ်တန်းကျောင်း (ဘန့်ဘွေးကုန်း)၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအလယ်တန်းကျောင်း (ဘန့်ဘွေးကုန်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်မာထွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ကျောင်းသား၊ ကျောင်းသူများ အသိဉာဏ်ပညာဗဟုသုတများ ပိုမိုရရှိစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်းရတနာများဖြစ်လာစေရန်၊ လူအများရှေ့၌ ရဲရဲစွာစကားပြောဆိုတတ်သည့် အလေ့အကျင့်ကောင်းများဖြစ်ပေါ်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အခြေခံပညာအလယ်တန်းကျောင်း(ဘန့်ဘွေးကုန်း)မှကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာခေါင်းစဉ်များဖြင့် အသီးသီးပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးဟောပြောသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများနှင့် ဦးဆောင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ကိုကျော်(သဲကုန်း)

မင်းလှမြို့နယ်၌ သုခမိန်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပ



မင်းလှ ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ထောက်ကြန့်ကွင်း(အမ်)ကျေးရွာအုပ်စု ဂင်ဒိတ်ကုန်းကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့မတည်ငွေငွေကျပ် သိန်း ၅၀ နှင့် ကျေးရွာမှလှူဒါန်းငွေများဖြင့် ပြုပြင်ဆောက်လုပ်သည့် သုခမိန်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၅ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ သုခမိန်စာကြည့်တိုက်အား ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်အောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က တိုင်းဒေသကြီးအစိုးရအဖွဲ့ကလှူဒါန်းသော သုတ၊ ရသ စာအုပ်များကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာအောင်က စာအုပ်စာစောင်များကိုလည်းကောင်း တာဝန်ရှိသူများထံ အသီးသီးပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

ပေါက်စ(မင်းလှ)

ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

ညီညွတ်ဖို့ဆိုရင် စည်းကမ်းကိုနားလည်ဖို့လိုတယ်။ ဥပဒေကိုနားလည်ဖို့လိုတယ်။ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်။ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်။ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့လိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဏာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းမှုများဖြေကြားချက်မှကောက်နုတ်ချက်)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ







ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် သြဂုတ် ၁၅

ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက်မြန်မာနိုင်ငံတော်သမိုင်းနှင့်တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ဇေယျာသီရိမြို့နယ်ရှိအခြေခံပညာအထက်တန်းကျောင်းခွဲ(စည်ပင်ကြီး)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်း၊ ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များသမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာမေးမြန်းကြသည်။

ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ဒုတိယကမ္ဘာစစ်နှင့်စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာများ၊ တပ်မတော်(ရေ)ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် အမြောက်များ၊ တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကိုမေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြကြောင်း သတင်းရရှိသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ကျွန်မကတော့ အခုဒီလေ့လာရေးခရီးမှာ Grade-9ကိုတာဝန်ခံပြီးတော့လာရောက်လေ့လာတာဖြစ်ပါတယ်။ အကျိုးကျေးဇူးတွေကတော့ အများကြီးရမယ်လို့ထင်ပါတယ်။ကျောင်းသား၊ကျောင်းသူတွေအနေနဲ့ ဒီလိုလေ့လာရေးခရီးစဉ်မျိုး တစ်ခါမှသူတို့အနေနဲ့ မလာဖူးသေးတဲ့အခါကျတော့ တပ်မတော်ရဲ့ ဒီလိုကြီးကျယ်ခမ်းနားတဲ့ ပုံတွေပေါ့နော်။ ခေတ်အဆက်ဆက် တာဝန်ယူခဲ့ရတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တွေ၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်နေတဲ့ ပုံတွေကို အများကြီးလေ့လာခွင့်ရခဲ့တဲ့အတွက်သူတို့အတွက်လည်းအကျိုးကျေးဇူးတွေလည်း အများကြီးရမယ်လို့ထင်ပါတယ်။ စာတွေ့နဲ့သာ လေ့လာခဲ့ရတယ်ဆိုတော့ ဥပမာ-ဇူလိုင် ၁၉ ဆိုရင် အာဇာနည်နေ့ဆိုတာသူတို့သိတယ်။ ဖေဖော်ဝါရီ ၁၂ ရက်ဆိုရင်လည်း ပြည်ထောင်စုနေ့ကို သူတို့သိတယ်။အခုလိုမျိုးပြလိုက်တဲ့အခါကျတော့ ရှေးအဆက်ဆက်က လွတ်လပ်ရေးအောင်ဘယ်လိုတွေ ကြိုးပမ်းခဲ့ရတယ်။ လွတ်လပ်ရေးရရှိဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းနဲ့ အတူ ရဲဘော်သုံးကျိပ်ကြိုးပမ်းခဲ့ရတဲ့ပုံတွေပေါ့နော်။ အဲဒါတွေကြည့်လိုက်ရတဲ့အခါမှာ သူတို့အတွက်လည်း ရင်ထဲမှာ တစ်ခုခုတော့ ခံစားသွားစေရမယ်လို့ထင်ပါတယ်။ကလေးတွေနဲ့အတူတူ လေ့လာရေးလာရတဲ့အတွက်လည်း ပျော်ပါတယ်။ ဒီလိုတပ်မတော်စစ်သမိုင်းပြတိုက်တွေကို သူတို့ဟာသူတို့လာဖို့ဆိုတာ မဖြစ်နိုင်ဘူးပေါ့နော်။ အခုလို လေ့လာဖို့ လာပြီးကမ်းလှမ်းပေးတဲ့အတွက် စစ်သမိုင်းပြတိုက်တာဝန်ခံတွေကို ကျေးဇူးတင်ပါတယ်။ အများကြီးလေ့လာခွင့်ရတဲ့အတွက်လည်း အရမ်းကိုဝမ်းသာဂုဏ်ယူမိပါတယ်"ဟုပြောသည်။



"တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ Tourism and Hospitality လုပ်ငန်းကနေပြီးတော့ စာတွေ့လက်တွေ့သင်ကြားရတဲ့ဘာသာရပ်ဖြစ်တဲ့အတွက် အဲဒီလုပ်ငန်းနယ်ပယ်တွေမှာ ကျွန်တော်တို့ပို့ပြီးတော့ စွမ်းဆောင်နိုင်ဖို့အတွက် ကျွန်တော်တို့ ဒီလိုမျိုးလေ့လာရေးခရီးတွေ ထွက်ရတာဖြစ်ပါတယ်။ ကျွန်တော်တို့လူငယ်တွေအနေနဲ့ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ အခု(၂၁) ရာစုပေါ့နော်။ ဒီ(၂၁) ရာစုမှာဆိုရင် ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကြီးဟာဆိုရင် ခေတ်အဆက်ဆက် တည်တံ့လာတဲ့အတွက်ကြောင့်မို့လို့ သမိုင်းပေါင်းများစွာလည်း ကျွန်တော်တို့မှာရှိပါတယ်။ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊တတိယမြန်မာနိုင်ငံတော်နဲ့ ယခုလက်ရှိအချိန်ထိ ခေတ်အဆက်ဆက် သမိုင်းတွေကိုလည်း အများကြီးရှိတယ်။ သမိုင်းတွေကနေ ကျွန်တော်တို့က အတုယူရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လူငယ်တွေ ဒီသမိုင်းတွေကနေ အတုယူပြီးတော့ ကျွန်တော်တို့နိုင်ငံကို ဘယ်လိုမျိုးဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမယ်။ ဘယ်လိုမျိုး ပိုကောင်းအောင်လုပ်ရမယ်။ ကျွန်တော်တို့ရဲ့ ရှေ့မှာ လုပ်ခဲ့ပေးတဲ့လူကြီးတွေ၊ သမိုင်းဝင်လူကြီးတွေက သမိုင်းဝင်ပုဂ္ဂိုလ်ကြီးတွေရဲ့ လမ်းညွှန်မှုတွေ သူတို့တွေက ဘယ်လိုမျိုးတွေပြောခဲ့တာလဲ။ ဘယ်လိုမျိုးတွေ ဆုံးမခဲ့လဲဆိုတာတွေကို ကျွန်တော်တို့ လူငယ်တွေက ဒါတွေကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့က ကျွန်တော်တို့ရဲ့လာမယ့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လူငယ်တစ်ယောက်က သမိုင်းသိရှိခြင်းနဲ့ သမိုင်းမသိရှိခြင်းဟာဆိုရင် လူငယ်တစ်ယောက်မှာသမိုင်းသိရှိခြင်းက ပိုပြီးတော့ အရေးကြီးတယ်ပေါ့နော်။ ဒီသမိုင်းသိရှိထားတဲ့သူတစ်ယောက်အတွက်ကကျတော့ ကျွန်တော်တို့နိုင်ငံတကာနယ်ပယ်သွားသွား ကျွန်တော်တို့ နိုင်ငံအတွင်းမှာပဲသွားသွား ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းကို သိရှိထားတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ဟာဆိုရင် ဒီနိုင်ငံက ဘယ်လိုမျိုးရှိတယ်။ ကျွန်တော်တို့ နိုင်ငံက ဘယ်လိုမျိုးဖွံ့ဖြိုးတိုးတက်နေတယ်။ ဘယ်လိုမျိုး ဆောင်ရွက်ခဲ့တယ်ဆိုတဲ့ အပေါ်မှာ ကျွန်တော်တို့ရဲ့အမြင်တွေ၊



ကျွန်တော်တို့ရဲ့ Thinking၊ ကျွန်တော်တို့ရဲ့ လုပ်ဆောင်ရမယ့် ဒီလုပ်ငန်းဆောင်တာတွေကို ကျွန်တော်တို့ စဉ်းစားတွေးခေါ်နိုင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ့်ရဲ့နိုင်ငံ၊ ကိုယ့်ရဲ့လူမျိုး၊ ကိုယ့်ရဲ့သမိုင်းတွေကို လေးလေးစားစား သိရှိထားမှသာလျှင် ကျွန်တော်တို့အတွက်အကျိုးရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့လူငယ်တွေ ဟာလည်း နောင်အခါ လူကြီးဖြစ်မှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ အကြောင်းတွေကိုလည်း နောင်တစ်ချိန်မှာ သမိုင်းဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့လူငယ်တွေကလည်း သမိုင်းကြောင်းတွေကို သေချာနားလည်ထားမယ်၊ သေချာသိရှိထားမယ်ဆိုရင် ကျွန်တော်တို့ရဲ့သမိုင်းကြောင်းတွေဟာလည်း ပိုပြီး ကောင်းမွန်လာမှာဖြစ်ပါတယ်။ ဒါကြောင့် လူငယ်လူရွယ်တိုင်းဟာဆိုရင် ဒီသမိုင်းကြောင်းတွေကိုလေ့လာသင့်တယ်။ သိရှိသင့်တယ်။ သိရှိမှလည်း ပိုပြီးတော့ထူးချွန်ထက်မြက်တဲ့ လူကောင်းတွေဖြစ်လာမယ်။ ဒါမှလည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်" ဟုပြောသည်။ (၁၀၀)

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ (၁၃) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်



နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ(၁)၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ(၂) မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေး ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ (၁၃) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပစဉ်။

နေပြည်တော် ဩဂုတ် ၁၅

"လုံခြုံလုပ်ဘဝများ အမျိုးသမီးနှင့် ကလေးတိုင်းရစေသား" ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိအမျိုးသမီးများနှင့် ကလေးသူငယ်များ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF) ၏ (၁၃) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတ (၁) ဦးညီဦစော၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေးနှင့် ဒုတိယသမ္မတ(၂) မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့၏ ဇနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာမြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ဇင်က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းကကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ Theme Song "လုံခြုံလုပ်ဘဝများ အမျိုးသမီးနှင့်ကလေးတိုင်း ရစေသား" သီချင်းဖြင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက သရုပ်ဖော်ကပြဖျော်ဖြေတင်ဆက်ကြပြီး MWCDF အသင်း၏ ၁၃ နှစ်တာကာလအတွင်း အသင်း၏ လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုအားပြသသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF)မှ ကဏ္ဍအသီးသီးတွင် နိုင်ငံတော်အဆင့် ဆုရရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ တော်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ သတင်းရရှိသည်။ ရိုက်ပြီး မြန်မာနိုင်ငံအမျိုးသမီးများနှင့်

မြဝတီ

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/၈လ)

စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် လူငယ်ရေးရာအသိပညာပေးဟောပြော

ကော့သောင်း ဩဂုတ် ၁၅

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောခြင်း၊ စာအုပ်စာစောင်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲများနှင့်မိုဘိုင်းစနစ်ဖြင့် စာအုပ်ငှားရမ်းခြင်းများကို ဩဂုတ်လ ၁၄ ရက်နံနက်ပိုင်းတွင် ကော့သောင်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၃ မိုင် ကျောင်း၌ ဆောင်ရွက်သည်။



အဆိုပါ စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့် လူငယ်ရေးရာအသိပညာပေးခြင်းများဆောင်ရွက်ရာတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက “ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ဗဟုသုတရရှိစေသည့် ပြင်ပစာအုပ်စာပေများကိုလည်း လေ့လာကြရန်၊ စာဖတ်ခြင်းမှရရှိသည့်အကျိုးကျေးဇူးများနှင့် သုတ၊ ရသစာပေအမျိုးအစားများအကြောင်းကို အသိပညာပေးဟောပြောပြီး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အကြောင်းအရာများ၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာများနှင့် နေ့ထူးနေ့မြတ်များ၊ AI နှင့် ဆိုရှယ်မီဒီယာအကျိုးရှိစွာအသုံးချခြင်းနှင့် သိသင့်သိထိုက်သည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို လေ့လာကြည့်ရှုပြီး စာအုပ်စာစောင်များ ဖတ်ရှုစေပြီး စာအုပ်များကို မိုဘိုင်းစနစ်ဖြင့်ငှားရမ်းပေးကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေလွှဲပြောင်းပေးအပ်



ကျိုက်လတ် ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ်လ ၁၄ ရက်မွန်းလွဲပိုင်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသူရရှိန်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေများအား တာဝန်ရှိသူများကပေးအပ်ရာ ကျေးရွာကော်မတီဝင်များက လက်ခံရယူကြသည်။

အဆိုပါကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေပေးအပ်ရာတွင် စီမံကိန်းတစ်ခုလျှင် ငွေကျပ်သိန်း ၁၅၀ စီဖြင့် ကျေးရွာခြောက်ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပေးအပ်ခြင်းဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

လှိုင်မင်းအောင်(ပြန်/ဆက်)

မိုးနဲမြို့ မြို့မအခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မိုးနဲ ဩဂုတ် ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျန်းမာသန်စွမ်းသောကျောင်းသား လူငယ်များပေါ်ထွန်းလာစေရေးနှင့် ကျောင်းသား၊ ကျောင်းသူလူရွယ်များ ကျန်းမာရေးအလေ့အကျင့်ကောင်းများရရှိကျင့်သုံးနိုင်စေရန်ရည်ရွယ်၍ ဩဂုတ်လ ၁၅ ရက်နံနက်ပိုင်းတွင် မြို့မအခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းကျန်းမာရေးလုပ်ငန်းများကို စစ်ဆေးပေးကြောင်း သိရသည်။

ထိုသို့ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အီလက်ထရွန်နစ်အင်္ဂေ့ဂျက်များအန္တရာယ်အကြောင်းကို အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား ကိုယ်အလေးချိန်နှင့် အရပ်တိုင်းတာပေးခြင်း၊ ကိုယ်ခန္ဓာကြီးထွားမှုစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးစစ်ဆေးပေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်းလုပ်ငန်းများ၊ ကျောင်းနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှု အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုကြသည်။

အလားတူ မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက အထွေထွေကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

မျိုးညွှန့်ရွှေ

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

ထမင်းဝိုင်း

❖ “ကိုရင့်သားကြီး၊ မိုးသည်းသည်းတွင်
မီးခွက်ကိုင်ကာ၊ ဟင်းစားရှာ၍
ရလှာချက်ချင်း၊ တံညှပ်သွင်းသည်
ဖားဟင်းဆီပြန် ကောင်းလိုက်ရန်တော့”။

❖ “ကြက်သွန်နီခြမ်း၊ ပဲဆီဆမ်း၍
နှမ်းဖတ်ချဉ်သုပ်၊ ပင်စိမ်းအုပ်သည်
ငရုတ်သီးထောင်း၊ ကောင်းလိုက်ပလေ
သွားရည်ယိုခမန်း၊ မြည်းကြည့်စမ်းနော်”။

❖ “ထွေးလေးမခြူး၊ အိမ်ကခူးသည့်
ဆူးပုပ်ကြီးရွက်၊ ဟင်းချိုချက်ကာ
ခြံထွက်သင်းထုံ၊ ဟင်းမည်စုံအောင်
ကင်းပုံရွက်လေး၊ နှောခဲ့သေးပေါ့”။

❖ ဇနီးအလှ၊ လယ်သူမသည်
နှုတ်စရွှင်ရွှင်၊ ထမင်းပြင်၏
လယ်ရှင်ယောကျ်ား၊ လူညှိုထွားသည်
ကရားမြေအိုး၊ နှုတ်သီးကျိုးမှ
အခိုးလူလူ၊ ရေနွေးပူကို
ငှဲ့ယူတစ်ကျိုက်၊ မော့သောက်လိုက်၏။

❖ မိုးပြာကောင်းကင်၊ နောက်ခံဆင်၍
စိမ်းလွင်မြသွေး၊ လယ်နံဘေးဝယ်
ကျေးငှက်အများ၊ ဝဲပျံသွားလျက်
သားရေး သမီးရေး၊ အိမ်တွင်းရေးနှင့်
ရပ်ရေးရွာရေး၊ လောကရေးနှင့်
အရေးများစွာ၊ နှီးနှောကာလျှင်
ချမ်းသာဘိခြင်း၊ တုပြိုင်ကင်းသည်
ထမင်းဝိုင်းလေး ယဉ်ပေစွ။ ။

မြင်းမူမောင်နိုင်မိုး

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၈-၂၀၂၆(တနင်္ဂနွေ)

၁။	ဝ၆:၀၃	တရားတော် (၃၈)ဖြာ မင်္ဂလာ	၇။	၁၃:၁၀	လေးစားအတုယူစံနမူနာပုဂ္ဂိုလ်များ
၂။	ဝ၇:၁၀	ယဉ်ကျေးလိမ္မာမမွေတေးကဗျာ	၈။	၁၇:၁၀	နုပျိုလှပကျန်းမာဖို့လမ်းလျှောက်ကြပါစို့
၄။	ဝ၈:၄၅	သုတရသစုံလင်ဗဟုသုတပုံပြင်	၉။	**၁၉:၀၀**	**ရုပ်မြင်သံကြားဇာတ်လမ်း ကမ္ဘာတည်သရွေ့ တည်ရှိနေမည့် ငါတို့ရဲ့အမွေ အဝိုင်း(၂)**
၅။	၁၀:၂၀	တစ်ပတ်အတွင်းအားကစားသတင်း			
၆။	၁၀:၃၀	စာပေနှင့်အနုပညာသတင်း			

မွေးကင်းစမှ အသက်ငါးနှစ်အထိ ဉာဏ်ရည်ထက်မြက်စေရေးအကြောင်း သိကောင်းစရာ

မွေးကင်းစမှ အသက်ငါးနှစ်အရွယ်သည် ကလေးတစ်ယောက်၏ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အရေးကြီးဆုံးကာလဖြစ်သည်။ ဤကာလတွင် ဦးနှောက်သည် အလွန်လျင်မြန်စွာဖွံ့ဖြိုးကာ ပုံမှန်ကြီးထွားနိုင်စွမ်းရှိခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် အသက်အရွယ်အလိုက် အဓိကထားရသည့်အချက်များကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

မွေးကင်းစမှတစ်နှစ်အထိ

ဤအရွယ်သည် ကလေးနှင့်မိဘကြား လုံခြုံသောချိတ်ဆက်မှုတည်ဆောက်ရန် အရေးကြီးဆုံးအချိန်ဖြစ်သည်။ ထို့ပြင် ဤအရွယ်တွင် ဦးနှောက်ဆဲလ်များ အချင်းချင်းဆက်သွယ်မှုသည် ကလေး၏ အကျိုးခံစားမှုများပေါ်တွင်မူတည်သည်။

အရေပြားချင်းထိတွေ့ခြင်း

မိခင်နှင့်အရေပြားချင်းထိတွေ့ခြင်းက ကလေး၏စိတ်ကိုငြိမ်းချမ်းစေပြီး ဦးနှောက်ဖွံ့ဖြိုးမှုကိုအားပေးသည်။ ကလေးကိုပွေ့ဖက်ပေးခြင်းသို့မဟုတ် ရင်ခွင်ထဲပိုက်ထားပေးသင့်သည်။

စကားပြောဆိုခြင်း

ကလေးကို စကားများများပြောပေးခြင်း သို့မဟုတ် သီချင်းဆိုပြသင့်သည်။ လူကြီးများ၏ အသံနေအသံထားသည် ကလေး၏ဘာသာစကားနားလည်မှုကို မြန်ဆန်စေသည်။

မျက်လုံးချင်းဆုံခြင်း

ကလေးအား နို့တိုက်ချိန်၊ အဝတ်လဲချိန်တွင် မျက်လုံးချင်းဆုံပြီး ပြုံးပြခြင်းသည် ကလေးကို အချစ်ခံရသည်ဟူသော ခံစားချက်ကိုပေးပြီး စိတ်ပိုင်းဆိုင်ရာလုံခြုံမှုရှိစေသည်။

တစ်နှစ်မှနှစ်နှစ်အထိ

ဤအရွယ်တွင် ကလေးသည် ကိုယ်တိုင်လှုပ်ရှားနိုင်လာပြီး လောကကြီးကိုစူးစမ်းရန်အသင့်ဖြစ်နေသည်။ ကလေး၏စူးစမ်းလိုစိတ်အမြင့်ဆုံးအချိန်လည်းဖြစ်သည်။

လွတ်လပ်စွာလှုပ်ရှားခွင့်ပေးခြင်း

ကလေးကို လုံခြုံသောနေရာတွင် လမ်းလျှောက်ခြင်း၊ ကျော်လွှားခြင်းနှင့်ပစ္စည်းများကို ကိုင်တွယ်ခြင်းတို့ကို ခွင့်ပြုပေးသင့်သည်။ ထိုကဲ့သို့ လွတ်လပ်စွာ လှုပ်ရှားခွင့်ပေးခြင်းသည် အာရုံခံစွမ်းရည်နှင့် လှုပ်ရှားမှုစွမ်းရည်ကို တိုးတက်ကောင်းမွန်စေသည်။

ပစ္စည်းအမည်များသင်ပေးခြင်း

ပတ်ဝန်းကျင်ရှိပစ္စည်းများကို လက်ညှိုးထိုးပြပြီး ပစ္စည်းအမည်များကိုပြောပြသင့်သည်။ ပစ္စည်းအမည်များသင်ပေးခြင်းက စကားလုံးအသစ်များကို အလွယ်တကူမှတ်မိစေသည်။

ရိုးရှင်းသောတာဝန်ပေးခြင်း

ဒီအရုပ်လေးသိမ်းပေးပါဦးဆိုသည့်ရိုးရှင်းသော အမိန့်များကိုလိုက်နာစေခြင်းဖြင့် ဦးနှောက်မှလုပ်ဆောင်မှုစွမ်းရည်ကို လေ့ကျင့်ပေးသင့်သည်။

နှစ်နှစ်မှသုံးနှစ်အထိ

ဤအရွယ်သည် ဘာသာစကားများကို နားလည်ကာ စကားပြောတတ်လာပြီး ကိုယ်ပိုင်အသိစိတ် စတင်ဝင်လာသောအရွယ်ဖြစ်သည်။

ပုံပြင်ပြောပြခြင်း

ကလေးကို ပုံပြင်များဖတ်ပြပြီးနောက် ဒီမှာဘာမြင်ရသလဲ၊ သူဘာလုပ်နေသလဲဟု မေးခွန်းများထုတ်ပေးသင့်သည်။ ယင်းသို့ ပြုလုပ်ခြင်းသည် ကလေးကိုစဉ်းစားတွေးခေါ်တတ်စေသည်။



ရွေးချယ်ခွင့်ပေးခြင်း

ကလေးကို ဒီနေ့ဘယ်အရုပ်နဲ့ ကစားမလဲဟုရွေးချယ်ခွင့်ပေးခြင်းက ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကို တိုးတက်စေသည်။

ခံစားချက်များကို နာမည်တပ်ပေးခြင်း

ကလေးဒေါသထွက်ခြင်း၊ ဝမ်းနည်းခြင်းဖြစ်လာသည့်အခါ သား၊ သမီးလေး စိတ်တိုနေသလား၊ ဝမ်းနည်းနေသလားဟု ခံစားချက်ကို အမည်တပ်ပေးခြင်းဖြင့် စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ကို ပျိုးထောင်ပေးသင့်သည်။

သုံးနှစ်မှငါးနှစ်အထိ

ဤအရွယ်သည် ကျောင်းတက်ရန်အဆင်သင့်ပြင်ဆင်ရမည့်ကာလဖြစ်ပြီး လူမှုရေးစွမ်းရည်များ လေ့ကျင့်ပေးရန် လိုအပ်သည်။

ပြဿနာဖြေရှင်းပေးခြင်း

ကလေးကို ရိုးရှင်းသောပဟေဋ္ဌိများ ကစားစေခြင်း၊ အရောင်ခွဲခြင်း၊ အရာဝတ္ထုများကို အမျိုးအစားခွဲခြင်းတို့ကို လေ့ကျင့်ပေးသင့်သည်။

လူမှုဆက်ဆံရေးစွမ်းရည်

တခြားကလေးများနှင့်အတူ ဆော့ကစားခြင်း၊ ကစားစရာအရုပ်များ ဝေမျှခြင်း၊ အလှည့်ကျစောင့်ဆိုင်းခြင်းတို့ကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူမှုဆက်ဆံရေးကောင်းစေသည်။

အနုပညာနှင့်တီထွင်မှု

ပုံဆွဲခြင်း၊ အရောင်ခြယ်ခြင်းကဲ့သို့ ရောင်စုံရွှံ့စေးဖြင့် ပုံသွင်းခြင်းများသည် ကလေး၏စိတ်ကူးဉာဏ်နှင့် လက်ချောင်းကြွက်သားများကို သန်မာစေသည်။ ကျောင်းတက်သည့်အခါ ခဲတံကိုင်ရာတွင်လည်း အထောက်အကူဖြစ်စေသည်။

မိဘများသတိပြုရန်အချက်များ

ဖုန်းအသုံးပြုခြင်း၊ ဂိမ်းကစားခြင်း(Screen Time)ထိန်းချုပ်သင့်သည်။ အသက်ငါးနှစ်အောက်ကလေးငယ်များတွင် တီဗွီ၊ ဖုန်း၊ တတ်ဘလက်များကို အလွန်အကျွံသုံးစွဲခြင်းသည် စကားပြောနောက်ကျခြင်း၊ အာရုံစူးစိုက်မှုလျော့နည်းခြင်းတို့ကိုဖြစ်စေနိုင်သည်။ အကောင်းဆုံးမှာ မိဘနှင့်အတူရှိခြင်း၊ အတူဆော့ကစားခြင်း၊ အတူစာဖတ်ခြင်း၊ အတူစားသောက်ခြင်းများ လုပ်ဆောင်ပေးသင့်သည်။

မိဘများအနေဖြင့် ကလေးများ၏ဖွံ့ဖြိုးမှုမှတ်တိုင်များကို သိထားသင့်ပါသည်။ ကလေးများ၏ဖွံ့ဖြိုးတိုးတက်မှု အထူးသဖြင့် ခန္ဓာကိုယ်လှုပ်ရှားမှုပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများသည် Cephalocaudal ဟုခေါ်သည့် ဦးခေါင်းပိုင်းမှ အစပြုတိုးတက်မှုပုံစံဖြစ်သည်။ Cephalo ဆိုသည်မှာ ဦးခေါင်းဟု အဓိပ္ပာယ်ရပြီးCaudal မှာ အမြီး သို့မဟုတ် ခန္ဓာကိုယ်အောက်ပိုင်းဟုဆိုလိုသည်။ ဖွံ့ဖြိုးမှုသည် ခန္ဓာကိုယ်၏ထိပ်ပိုင်း ဦးခေါင်းမှ စတင်ကာ ခြေဖဝါးဆီသို့ ဆင်းသက်လာခြင်းဖြစ်သည်။ ဤမူအရ မွေးကင်းစမှစ၍ ကလေးများသည် ၎င်းတို့၏ ခန္ဓာကိုယ်အောက်ပိုင်းနှင့် ခြေထောက်များကိုမထိန်းချုပ်နိုင်မီ ၎င်းတို့၏ခန္ဓာကိုယ်အပေါ်ပိုင်းနှင့် ဦးခေါင်းပိုင်းကို ပို၍ထိန်းချုပ်လှုပ်ရှားနိုင်ကြသည်။ ထို့ကြောင့် ပထမဦးစွာ ဦးခေါင်း မတ်မတ်နေနိုင်ရန် ထိန်းနိုင်လာပြီး လက်လှုပ်ရှားမှုများအဖြစ် ခန္ဓာကိုယ်ကိုထိန်း၍ ထိုင်နိုင်ခြင်း၊ နောက်ဆုံးတွင် မတ်တတ်ရပ်ခြင်းများ၊ စမ်းလျှောက်ခြင်းများ ပြုလုပ်နိုင်သည်။ အဆိုပါဖွံ့ဖြိုးမှုများသည် ကလေးတစ်ဦးနှင့်တစ်ဦး အနည်းငယ်ကွာခြားသော်လည်း အများစုသည် သတ်မှတ်ထားသော အသက်အရွယ်အပိုင်းအခြားအလိုက် ပုံမှန်ဖွံ့ဖြိုးလေ့ရှိသည်။

အထက်ပါ ဖွံ့ဖြိုးမှုမှတ်တိုင်များ ရှိသင့်သည့်အသက်အရွယ်အတိုင်း မဖွံ့ဖြိုးဘဲ နောက်ကျနေခြင်းကို ကာလဖွံ့ဖြိုးမှုနောက်ကျခြင်းဟု သတ်မှတ်သည်။

ဖွံ့ဖြိုးမှုနယ်ပယ်တစ်ခုထက်ပို၍လည်း နောက်ကျနိုင်သည်။ ကလေးများတွင် ဦးနှောက်အာရုံကြောရောဂါနှင့် တခြားအရေးကြီးသည့် နာတာရှည်ရောဂါများဖြစ်လာလျှင် ဖွံ့ဖြိုးမှုနောက်ကျစေသည်။ ကလေးများတွင် ထိုသို့ဖွံ့ဖြိုးမှုနောက်ကျခြင်းသည် တချို့ရောဂါလက္ခဏာများမပေါ်မီ သိသာစွာ ထွက်ပေါ်နေတတ်သည်။

အော်တစ်ဇင်နှင့် အာရုံစူးစိုက်မှုနည်း၍ တက်ကြွလွန်ကလေး (Attention deficit Hyperactivity disorder-ADHD)ကလေးများတွင်လည်း ဖွံ့ဖြိုးမှုနယ်ပယ်တစ်ခုခုနောက်ကျခြင်းများကို စတင်တွေ့ရှိရတတ်သည်။ ကလေးများတွင် ရောဂါအခြေအနေများသည် တိုတောင်းသောအချိန်အတွင်း လျင်မြန်စွာ ပေါ်ပေါက်ပြောင်းလဲတတ်ခြင်းကြောင့် ဖွံ့ဖြိုးမှုမှတ်တိုင်များကို သက်ဆိုင်ရာဆရာဝန်နှင့်ပုံမှန်ပြသစစ်ဆေးသင့်သည်။

ကလေးများ၏အသက်အလိုက် ပုံမှန်ဖွံ့ဖြိုးမှုမှတ်တိုင်များကို အောက်ပါအတိုင်း ခွဲခြားထားသည်။

- ခန္ဓာကိုယ်ရွေ့လျားလှုပ်ရှားခြင်း
- အမြင်အာရုံနှင့် အနုစိတ်ကိုင်တွယ်တတ်ခြင်း
- အမြင်အာရုံနှင့်စကားပြောခြင်း၊ ဆက်သွယ်ခြင်း (Hearing speech and Language)
- ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်း၊ ကစားခြင်း၊ မိမိကိုယ်မိမိပြန်လည်ပြုစုစောင့်ရှောက်နိုင်ခြင်းနှင့် အသိဉာဏ်တိုးတက်လာခြင်း ရှိသင့်သည်။

အချုပ်အားဖြင့်ဆိုသော် ကလေးများအနေဖြင့် မေးခွန်းများစွာမေးခြင်း၊ စကားများပြောဆိုခြင်းသည် ၎င်းတို့၏ ဦးနှောက်ကြီးထွားလာသည့်လက္ခဏာများဖြစ်သည်။ စိတ်ရှည်စွာတုံ့ပြန်မှုသည် ကလေး၏စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကိုထောက်ပံ့ပေးသည်။ အသက်ငါးနှစ်အရွယ်မတိုင်မီ ကလေးတစ်ယောက်အတွက် အကောင်းဆုံးမှာ သင်ခန်းစာအုပ်များမဟုတ်ဘဲ မိဘနှင့်အတူ ဆော့ကစားပေးခြင်း၊ စကားပြောဆိုခြင်းနှင့် ပတ်ဝန်းကျင်ကို အတူတူစူးစမ်းလေ့လာခြင်းပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ဒေါက်တာလွင်သန့်

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ မိုးရာသီအတွင်း ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းကို ဩဂုတ်လ ၁၄ ရက်က လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အမှတ်(၈)ရပ်ကွက်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရပ်ကွက်အတွင်းရှိ ဈေးဆိုင်များ၌ ရောင်းချနေသော မုန့်များ၊ ဟင်းသီးဟင်းရွက်များ၊ အသားငါးများ သန့်ရှင်းစွာရောင်းချမှုရှိမရှိ၊ လမ်းဘေးဈေးသည်နှင့် အစားအသောက်ရောင်းချသည့်ဆိုင်များကို အစားအစာများ ပြင်ဆင်ချက်ပြုတ်သည့်အခါ လက်ကို စင်ကြယ်စွာ ဆေးကြောသန့်စင်စေခြင်း၊ တစ်ခါသုံးလက်အိတ်များ အသုံးပြုရန်၊ အစားအစာများကို ယင်မနာအောင် စနစ်တကျဖုံးအုပ်ထားနိုင်ရေး စသည့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းမြတ်သူဦးဆောင်၍ ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး/ဆယ်အိမ်မှူးများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ဟန်နီ(ပြန်/ဆက်)**



ကျောင်းကျန်းမာရေးသီတင်းပတ် မြို့နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကျင်းပ



လားရှိုး ဩဂုတ် ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးမြို့ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဩဂုတ်လ ၁၅ ရက် နံနက်ပိုင်းတွင် ကျောင်းကျန်းမာရေးသီတင်းပတ် မြို့နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ KG ကျောင်းသား၊ ကျောင်းသူလေးများက တစ်ကိုယ်ရေသန့်ရှင်းရေးကဗျာ ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ တာဝန်ခံ ဒေါ်ခတ္တာထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဟန်နိုင်စိုးက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လားရှိုးခရိုင် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့ဝင်းက ကျောင်းကျန်းမာရေးသီတင်းပတ်တွင်ပူးပေါင်းပါဝင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး အဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ဆုရရှိသောကျောင်းများနှင့်ကျောင်းကျန်းမာရေးအထိမ်းအမှတ်စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာ၊ အာဟာရအုပ်စုသုံးစုတွင် ဆုရရှိသောကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်သည်။

ယင်နောက် KG ကျောင်းသား၊ ကျောင်းသူလေးများအား အာဟာရကျွေးမွေးခြင်း၊ သန်ရှင်းဆေးတိုက်ကျွေးခြင်း၊ နေ့လယ်စာစားပြီး သွားတိုက်ခြင်းနှင့် အသိပညာပေးဟောပြောခြင်းများဆောင်ရွက်သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများက အထိမ်းအမှတ်ပြခန်းအတွင်း ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

အောင်လင်း (၆၀၈)

ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ပဲခူး ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး မြို့ပေါ်ရပ်ကွက်များအတွင်း ပြည်သူများ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဩဂုတ်လ ၁၄ ရက် နံနက်ပိုင်းတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များအတွင်းရှိ စားသောက်ဆိုင်များနှင့် လမ်းဘေးဈေးဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးလှုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညာဏ်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ပညာရေးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များအတွင်းရှိ စားသောက်ဆိုင်များ၊ မုန့်တီဆိုင်များနှင့် လမ်းဘေးမုန့်ဈေးတန်းများသို့ သွားရောက်၍ အစားအသောက်များ ပြင်ဆင်ရောင်းချရာတွင် စံချိန်စံညွှန်းနှင့်ညီညွတ်မှုရှိ၊ မရှိ၊ သန့်ရှင်းသပ်ရပ်မှုရှိ၊ မရှိနှင့် ကျန်းမာရေးနှင့်ညီညွတ်သော ရေနှင့်အစားအစာများ အသုံးပြုခြင်း ရှိ၊ မရှိတို့ကို အသေးစိတ်စစ်ဆေးကြသည်။

ထို့ပြင် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် ဆိုင်ပိုင်ရှင်များနှင့် အစားအသောက် ပြင်ဆင်ရောင်းချသူများအား အစားအသောက်များကို ဖုန်မှုန့်နှင့် ယင်ကောင်များ မနားနိုင်စေရန် စနစ်တကျဖုံးအုပ်ရောင်းချရန်၊ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောရန်၊ ယင်လုံအိမ်သာအသုံးပြုကြရန်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အစဉ်တစိုက် ဂရုစိုက်ကြရန် အသိပညာပေးပြောကြားသည်။

ယခုကဲ့သို့ ကွင်းဆင်းစစ်ဆေးမှုနှင့် အသိပညာပေးခြင်းများကြောင့် ပြည်သူများ အစားအသောက် ဘေးကင်းလုံခြုံရေးနှင့် ကူးစက်ရောဂါများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

စုပေါင်းညီညာ သစ်ပင်စိုက်ပျိုးပါ

- မြေဆီစိုခိုက်၊ စိုက်ကြများသစ်ပင်
  ရာသီဥတု၊ ထူးပြုံသာစေချင်
  လန်းလန်းရွှင်ရွှင်၊ စိတ်တွင်ကြည်နူး။
  နိုင်ငံသာယာ ပြည်လုံးမှာ
  ညီညာပျော်ရွှင် ထူးသည်နှင့်လေး။
- ရာသီမိုးဦး၊ ကူးပြောင်းသည်ချိန်ခါ
  နိုင်ငံတော်အဆင့်၊ ဂုဏ်တင့်လျက်သာ
  တို့ပြည်မြန်မာ၊ ထူးစွာဖွံ့ဖြိုး။
  သစ်တောသစ်ပင် တို့ချစ်ခင်
  မြဲပင်စိမ်းစို တိုးသည်နှင့်လေး။
- သစ်ပင်စိုက်ပျိုး၊ ကောင်းကျိုးများပေ
  အလှူထာဝရ၊ ရကြကုသိုလ်တွေ
  မြန်မာ့ရေမြေ၊ ကောင်းစေစိတ်ထား။
  အစိုးရပြည်သူ များရှင်လူ
  ညီတူအင်အား များသည်နှင့်လေး။
- အမျိုးအစား၊ ထူးခြားစုံလင်တယ်
  ဂေဟာစနစ်၊ တည်ရစ်စေရန်ရွယ်
  ပတ်ဝန်းကျင်ဝယ်၊ ရှုဖွယ်စိမ့်စမ်း။
  ဝိတောက် ခရေ ကံ့ကော်တွေ
  သပြေ စိန်ပန်း လန်းသည်နှင့်လေး။
- စိတ်မှာအေးချမ်း၊ ရှုစမ်းပင်မျိုးစုံ
  သစ်ပင်သစ်တော၊ အံ့ဩလို့မကုန်
  ပန်းချီရောင်စုံ၊ လှပံုထူးကဲ။
  မျိုးဆက်သစ်တွေ ပေးအမွေ
  ရစေအေးရိပ် မြဲသည်နှင့်လေး။
- ပြည်ထဲရေးရာ အေးမြသာ
  သစ်ပင်စိုက်ကာ ပျိုးတော့သည်။
- ကြီးကဲစေတနာ ဦးဆောင်ကာ
  နှစ်စဉ်ပြည်ရွာ ဖြိုးပေါ့အတည်။ ။

မန္တလာကိုကိုဝင်း

MWD Variety Channel

၁၆-၈-၂၀၂၆ (စနေဈေးနေ့)

၁။	၀၉:၂၀	မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၂။	၁၄:၂၀	တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့ သတင်းသုံးသပ်ချက်
၃။	၁၆:၂၀	သုတေသနမှသည်... သမိုင်းမှတ်တိုင်ဆီသို့
၄။	၁၇:၅၀	ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ

ပွင့်ဖြူမြို့နယ်၌ စပါးဧက ၆၁၂၅၀ ထိ စိုက်ပျိုးပြီးစီး



ပွင့်ဖြူ ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၇၀၀၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့အချိန်ထိ ဧက ၆၁၂၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးသည့်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာများ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေးနှင့် သွင်းအားစုများ စနစ်တကျသုံးစွဲတတ်စေရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်သည်။

စားရေရိက္ခာဖူလုံပေါများရေးနှင့် ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်သည် မြန်မာနိုင်ငံအတွက် ဖူလုံမှုရှိပြီးဖြစ်သည့်အပြင် ပြည်ပသို့လည်း နှစ်စဉ်တင်ပို့လျက်ရှိသည်။ ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းပေးစဉ်။

နေပြည်တော် ဩဂုတ် ၁၅

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း ရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့်အများပြည်သူသွားလာလှုပ်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စျေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ပေါင်းမြက်များရှင်းလင်းပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ပေါင်းမြက်များ ရှင်းလင်းပေးစဉ်။

လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကျိုင်းတောင်းမြို့၊ လင်းခေးမြို့နှင့်မိုင်းပန်မြို့ ရန်ကုန်တိုင်းဒေသကြီး၌ ကျောက်တန်းမြို့နယ်အပါအဝင် မြို့နယ် (၅) မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများတို့တွင် ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများနေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ရှေ့နေရှေ့ရပ်များအတွက် AML/CFT/CPF သင်တန်းဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၁၅

ရှေ့နေရှေ့ရပ်များသည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရကြိုတင်ကာကွယ်ရေးနှင့်သတင်းပို့တာဝန်ကို ဆောင်ရွက်ရမည့်သတင်းပို့အဖွဲ့အစည်းများဖြစ်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာနက ကြီးကြပ်ရေးအာဏာပိုင်အဖြစ် ကြီးကြပ်ဆောင်ရွက်ကြောင်း ယနေ့နံနက်ပိုင်းတွင် Hotel Max နေပြည်တော်၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကြီးမှူးကျင်းပသည့် ရှေ့နေရှေ့ရပ်များအတွက် AML/CFT/ CPF သင်တန်းမှသိရသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက မြန်မာပြည်သူတို့၏ဘဝလုံခြုံမှုရှိစေရန်နှင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုကိုအဟန့်အတားမဖြစ်စေရန် AML/ CFT/CPF ကို ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ FATF (Financial Action Task Force)၏ အကြံပြုချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ AML/CFT အမျိုးသားအဆင့် မဟာဗျူဟာပထမသက်တမ်း (၂၀၁၉-၂၀၂၃) လွန်မြောက်၍ ဒုတိယသက်တမ်း (၂၀၂၄-၂၀၂၈) ကာလအတွင်း ရောက်ရှိ အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ငွေကြေးခဝါချမှု တိုက်ဖျက်ရေး/အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လူအများအပြားသေကျေစေသော လက်နက်ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးတို့ကို ထိရောက်စွာအရေးယူဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအသစ်ပြဋ္ဌာန်းခဲ့ပြီးလည်းဖြစ်ပါကြောင်း၊ ယခုသင်တန်းသည် ရှေ့နေရှေ့ရပ်များအတွက် AML/CFT ဆိုင်ရာ အသိပညာနှင့်စွမ်းဆောင်ရည်မြင့်မားရေးကို ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ရှေ့နေရှေ့ရပ်များ အနေဖြင့် ဥပဒေကပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် ကြီးကြပ်ရေးအာဏာပိုင်၏ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရန်အသိပေးပြောကြားခဲ့သည်။

သင်တန်းကို ဩဂုတ်လ ၁၅ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈) နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် AML/CFT အမျိုးသားအဆင့် မဟာဗျူဟာဆိုင်ရာလုပ်ငန်းအစီအစဉ် (၂၀၂၆ ခုနှစ်)၏ လုပ်ငန်းအစီအစဉ် ၂.၆.၂၊၃.၁.၁၊၃.၂.၂၊၃.၂.၄၊ ၃.၃.၂ တို့အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ခရိုင်အဆင့် တရားသူကြီးများ၊ AML/CFT လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တရားလွှတ်တော်ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ သင်တန်းပို့ချမည့်သူများ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ရှေ့နေရှေ့ရပ်များတက်ရောက်ခဲ့ကြောင်း သိရသည်။ မြဝတီ

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သယ်ယူပို့ဆောင်ရန်ခွင့်ပြုချက်တို့ကို ထုတ်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၅

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟို ကြီးကြပ်ရေးအဖွဲ့အနေဖြင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ ဓာတုပစ္စည်းများပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းအတွက် ထောက်ခံချက်၊ စွန့်ပစ်ပစ္စည်းသယ်ယူပို့ဆောင်ခြင်း လုပ်ငန်းလိုင်စင်နှင့် စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းလိုင်စင်၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် ခွင့်ပြုချက်တို့အား ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ယမန်နေ့နံနက်ပိုင်းက စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ကျင်းပသည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးပညာရပ်ဆိုင်ရာအဖွဲ့ အစည်းအဝေး (၁/၂၀၂၆) တွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၏ပြောကြားချက်အရသိရခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် တက်ရောက်လာကြသူများက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်ထုတ်ပေးရေး၊ ဓာတုပစ္စည်းစီမံခန့်ခွဲမှုနှင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်နိုင်ရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။ မြဝတီ

၁၅-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၀၅၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄˚c	/	၃၁˚c
ရန်ကုန်	၂၄˚c	/	၃၁˚c
မန္တလေး	၂၇˚c	/	၃၆˚c

လျှပ်စစ်မီးကို ဈေးတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ဈေးတာကြပါစို့

တောင်ကြီးမြို့၊ ထန်းတပင်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် သြဂုတ် ၁၅

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန် အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည် နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ တပ်ဦးဥတ္တရာရုံကျောင်းတိုက်ရှိ သံဃာတော်များအား အဆိုပါကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၁၃ ပါးတို့အား သွားနှင့်ခံတွင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ ဖျားနာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ Ultrasound စက်ဖြင့် စမ်းသပ်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဆီးချို စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး တပ်ဦးဥတ္တရာရုံကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ တူးချောင်းကျေးရွာရှိလှပဒါးကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိသံဃာတော် ၂၁ ပါးနှင့် ဒေသခံပြည်သူ ၁၁၈ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သွားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ) ရပ်ကွက်ရှိသီလရက္ခိတမဓမ္မာရုံ၌ အခြေပြု၍ အဆိုပါရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ ဒေသခံပြည်သူ ၁၄၉ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သွားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၁၃ ပါးတို့အား သွားနှင့်ခံတွင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ ဖျားနာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ Ultrasound စက်ဖြင့် စမ်းသပ်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဆီးချို စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး တပ်ဦးဥတ္တရာရုံကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့်ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့ ၊ ရေကြည်မြို့၊ ငါးသိုင်းချောင်းမြို့၊ ကျုံပျော်မြို့၊ ကျောင်းကုန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးစဉ်။

နေပြည်တော် သြဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်တွင် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်မြစ်ရေတိုက်စားမှုကြောင့် ဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ရေဖြတ်သန်းစီးဆင်းမှုဖြစ်ပွားခဲ့ရာ ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက်(၅)ခု၊ မြို့တွင်းလမ်းမကြီးများနှင့်ပတ်ဝန်းကျင်ကျေးရွာ ၁၂၄ ရွာ၊ ဟင်္သာတမြို့နယ် ၃၇ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက် ၄ ခုနှင့်ပတ်ဝန်းကျင်ကျေးရွာ ၂၇ ရွာ၊ ငါးသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် ၂ ခု၊ ကျုံပျော်မြို့ မြို့ပေါ်ရပ်ကွက် ၂ ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၁ ရွာ၊ ကျောင်းကုန်းမြို့ မြို့ပေါ်ရပ်ကွက်(၂)ခုနှင့်ပတ်ဝန်းကျင်ကျေးရွာ(၂)ရွာ၊ စုစုပေါင်းမြို့ပေါ်ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာ ၂၀၁ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍



ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ဝန်ပန်းတာမှရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ဝန်ပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်းသဲအိတ်များဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော်အတွင်းရှိ ဆန်စပါးပြည်ပတင်ပို့မှုဇုန် (Rice Export Zone) များတွင် ပါဝင်သည့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ပေးအပ်



နေပြည်တော် ဩဂုတ် ၁၅

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆန်စပါးစိုက်ပျိုးမြေ ၁ ဧကလျှင် ငွေကျပ် ၂ ဒသမ ၅ သိန်း ထောက်ပံ့ပေးလျက်ရှိပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိမြို့နယ်ငါးမြို့နယ်မှ ကျေးရွာ ၁၀ ရွာရှိ တောင်သူများအတွက် ငွေကျပ်သိန်းပေါင်း ၅၆၀၀ ကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆန်စပါးပြည်ပတင်ပို့မှုဇုန် (Rice Export Zone) များတွင်ပါဝင်သည့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ရန် ကုန် – မန္တလေး လမ်းဟောင်းဘေးရှိ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကုမ္ပဏီလီမိတက် (MAPCO Group) ၏ ဆန်စက်နှင့် ဖွဲနုဆီစက်နေရာ၌ ကျင်းပပြီး အခမ်းအနားတွင် ဒုတိယဝန်ကြီးများနှင့် ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မြို့နယ်ငါးမြို့နယ်မှ ကျေးရွာ ၁၀ ရွာရှိ တောင်သူ ၅၂၂ ဦး၏ စိုက်ဧက ၂၈၀၀ အတွက် စိုက်ပျိုးစရိတ်ငွေကျပ်သိန်း ၅၆၀၀ နှင့် နေပြည်တော်ကောင်စီဝင်များက အစေ့ချစက် (Seeders) များကိုပေးအပ်ခဲ့ကြသည်။

စိုက်ပျိုးစရိတ်ပေးအပ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ပြည်ပစျေးကွက်လိုအပ်သည့် အရည်အသွေးမြင့် ဆန်များထုတ်လုပ်နိုင်ရန်၊ တောင်သူများ၏ အထွက်နှုန်းနှင့် ဝင်ငွေတိုးတက်စေရန်၊ မြန်မာ့ဆန်တင်ပို့မှုတိုးမြှင့်ပြီး နိုင်ငံခြားဝင်ငွေရရှိစေရန်နှင့် စိုက်ပျိုးခြင်းမှစတင်ကာ ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်း၊ တင်ပို့ခြင်း အထိ စနစ်တကျချိတ်ဆက်နိုင်သော Value Chain ကို ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ဆန်စပါးပြည်ပတင်ပို့မှုဇုန် (Rice Export Zone) များ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ တောင်သူများအနေဖြင့် စျေးကွက်ကို အမိအရ ချိတ်ဆက်နိုင်ပြီး အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့် များကို ရှာဖွေ၍ စနစ်တကျစိုက်ပျိုးကာ တစ်ဧကအထွက်နှုန်းတိုးမြင့်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့ပြင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှာစကားပြောကြားပြီး India Aditya Engineers Group မှ တာဝန်ရှိသူများကိုလက်ဆောင်ပစ္စည်းများပေးအပ်ကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြား၍ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကုမ္ပဏီလီမိတက် (MAPCO Group) ဥက္ကဋ္ဌ ဦးရဲမင်းအောင်က လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တောင်သူများကိုယ်စားတောင်သူတစ်ဦးက ဆန်စပါးထုတ်လုပ်တင်ပို့ရောင်းချမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင်ကြုံတွေ့ရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးကာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက စက်ရုံပြခန်းများ၊ လယ်ယာသုံးကိရိယာပြခန်းများ၊ သွင်းအားစုပြခန်းများနှင့် တန် ၂၄၀ ဆန်စက်ပြန်လည်ပြုပြင်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

လူငယ်စကားဝိုင်း ၂၀၂၆ သို့ တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများအပါအဝင် လူငယ် ၁၀၀၀ ကျော်တက်ရောက်



ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံအတွင်းရှိ လူငယ်များ၏ အတွေးအမြင်၊ အတွေ့အကြုံများကို ဖော်ထုတ်မျှဝေဖလှယ်နိုင်ရန်၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ခေါင်းဆောင်မှု၊ တီထွင်ဖန်တီးမှုနှင့် လူမှုရေးတာဝန်ယူမှုများကို မြှင့်တင်ပေးနိုင်ရန်နှင့် ပိုမိုစည်းလုံးညီညွတ်သည့် လူမှုအသိုက်အဝန်းတစ်ရပ်တည်ဆောက်ရန်၊ ပွင့်လင်းလွတ်လပ်စွာ ဆွေးနွေးဖလှယ်ပြီး အတွေ့အကြုံ၊ အသိပညာ၊ အကြံဉာဏ်များကို အပြန်အလှန်မျှဝေနိုင်မည့် လူ့အဖွဲ့အစည်းအကျိုးပြုဆွေးနွေးပွဲယဉ်ကျေးမှုတစ်ရပ်ဖန်တီးပေးနိုင်ရန် ရည်ရွယ်ကျင်းပသည့် "လူငယ်စကားဝိုင်း ၂၀၂၆" ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံ၌ကျင်းပရာတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများအပါအဝင် လူငယ် ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်းသိရသည်။

အဆိုပါလူငယ်စကားဝိုင်းကို ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကျင်းပခြင်းဖြစ်ပြီး အောင်မြင်သည့်စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် အတွေ့အကြုံရှိသည့် ခေါင်းဆောင်များ၏ လက်တွေ့ဘဝအတွေ့အကြုံများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့သည့် နည်းလမ်းများနှင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်သင့်သည့် အကြောင်းအရာများကိုလူငယ်များအနေဖြင့် လေ့လာသိရှိနိုင်မည်ဖြစ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ယနေ့ စကားပိုင်းသည် လူငယ်များ၏ ဗဟုသုတနှင့် အမြင်ကျယ်ပြန့်မှုကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ယနေ့ကာလသည် ကမ္ဘာ့နိုင်ငံများအနေဖြင့်နည်းပညာတိုးတက်ပြောင်းလဲမှုများ၊ စီးပွားရေးပုံစံအသစ်များနှင့်အတူ အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာသလို စိန်ခေါ်မှုအသစ်များလည်း ရင်ဆိုင်နေရသည့်ကာလဖြစ်ကြောင်း၊ စိန်ခေါ်မှုကို ဖုံးကွယ်အခွင့်အလမ်းဟုရှုမြင်သည့် ယနေ့ခေတ်လူငယ်များအနေဖြင့် သမားရိုးကျရိုးရာအလုပ်အကိုင်ပုံစံများမှ ကျော်လွှန်ထိုးဖောက်သည့် စိတ်ကူးစိတ်သန်းနှင့် တီထွင်ဖန်တီးနိုင်စွမ်းများကို အသုံးချပြီး ကိုယ်ပိုင်ဆန်းသစ်တီထွင်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အခမ်းအနားပြုလုပ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်ဗီဒီယိုကိုကြည့်ရှုအားပေးခဲ့ကြကာ လူငယ်စကားဝိုင်း ၂၀၂၆ ကို စတင်ဆွေးနွေးခဲ့ကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်အဝေးသင်တက္ကသိုလ်၌ ရန်ကုန်အဝေးသင်တက္ကသိုလ်(YUDE)နှင့် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MYDA)တို့ ပူးပေါင်းကျင်းပသည့် "Job – Ready Skills Workshop for Youth" အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ရန်ကုန်အဝေးသင်တက္ကသိုလ်ပါမောက္ခချုပ်နှင့် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံတို့က အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် လ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လူငယ်များ တစ်ဦးချင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် အသင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အင်တာဗျူးနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှု၊ လုပ်ငန်းခွင်ဆိုင်ရာဥပဒေ အသိပညာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ



ပြည်ထောင်စုနယ်မြေနေပြည်တော် မင်္ဂလာကန်အတွင်း မြေထိန်းကျောက်စီနံရံများရေတိုက်စား၍ ပြုကျပျက်စီးနေမှု ပြုပြင်ဆောင်ရွက်ရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌမှာကြား

နေပြည်တော် ဩဂုတ် ၁၅

ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း သန့်ရှင်းသာယာစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မင်္ဂလာကန်အတွင်း မြေထိန်းကျောက်စီနံရံများရေတိုက်စား၍ ပြုကျပျက်စီးနေမှုကို ပြုပြင်ဆောင်ရွက်ရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဦးကံမြင့်သန်း မှာကြားသည်။

ယနေ့ညနေပိုင်းတွင် မြို့တွင်းလမ်းများအခြေအနေနှင့် ဧမ္မူသီရိမြို့နယ် သပြေကုန်းအုပ်ငုံးအနီး ပျဉ်းမနား-တောင်ညိုကားလမ်းဘေးရှိ မင်္ဂလာကန်ပတ်လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစဉ် ယင်းသို့ မှာကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စံပယ်အိမ်ရာ ပြည်ကြီးဇေယျာလမ်းတစ်လျှောက်နှင့် လူပျိုဆောင်နှင့် အပျိုဆောင်အတွင်းအပြင် လမ်းဘေးဝဲ/ယာရှိ ချုံနွယ်ပိတ်ပေါင်းများ၊ ဓာတ်ကြိုးနှင့် မလွတ်ကင်းသည့်အပင်များ ခုတ်ထွင်ရှင်းလင်းရန်၊ လမ်းများပေါ် ရေဝပ်မှုမရှိစေရေး၊ လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် နေပြည်တော်မြို့ပတ်လမ်းနှင့် သံလွင်လမ်းထောင့်သို့ရောက်ရှိပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ သွားလာမှုလွယ်ကူချောမွေ့ရေးပြုပြင်ဆောင်ရွက်ရန်နှင့် ရန်ကုန်-မန္တလေးမီးရထားလမ်း ခုံးကျော်တံတားတည်ဆောက်နေသည့်နေရာအနီး လမ်းဘေး ဝဲ/ယာတွင် ပန်းအလှပင်နှင့် အရိပ်ရအပင်များစိုက်ပျိုးရန်၊ သံလွင်လမ်းမကြီး (မင်္ဂလာဈေးအနီး) ရှေ့လမ်းလယ်ကျွန်းပြန်လည်ပြုပြင်ရန်၊ ရာဇသင်္ဘာလမ်း ကုမုဒြာကြာပန်းအဝိုင်းမှ ရေပန်းဥယျာဉ်သို့သွားရာ လမ်းဘေးတစ်လျှောက်ရှိ ရေကန်များဘေး၌ ရေစီးရေလာကောင်းမွန်ရေးပြုပြင်ဆောင်ရွက်ရန်နှင့် လမ်းလယ်ကျွန်းများကို သန့်ရှင်းသပ်ရပ်စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။

မြဝတီ

ဝါဂွမ်းဖြူဖြူ အညစ်အကြေးမထူစေဖို့ ဝါဂွမ်းသန့်စင်မှုနည်းပညာ

ဝါအခြေခံစက်မှုလုပ်ငန်းများအတွက် အဓိက ကုန်ကြမ်းမှာ ဝါဂွမ်းဖြစ်ပြီး ဝါဂွမ်းအရည်အသွေး ကောင်းမွန်မှသာ ထုတ်လုပ်လိုက်သောချည်မျှင်နှင့် အထည်အလိပ်များလည်း အရည်အသွေး မြင့်မားလာမည်ဖြစ်သည်။ ထို့ကြောင့် ဝါဂွမ်းအရည်အသွေး ကောင်းမွန်စေရန် အဓိကနှင့် ပဓာနကျသော အရေးကြီးဆုံးအချက်မှာ **"ဝါဂွမ်းသန့်စင်မှု"** ပင် ဖြစ်သည်။ စက်ရုံများတွင် စက်လည်ပတ်ရာ၌ ဖြစ်စေ၊ အရည်အသွေးမြင့်အထည်အလိပ်များ ထုတ်လုပ်ရာ၌ဖြစ်စေ ဝါဂွမ်းသန့်ရှင်းစင်ကြယ်မှုရှိရန် မရှိမဖြစ်လိုအပ်လှသည်။ အကယ်၍ ဝါဂွမ်းထဲတွင် မလိုလားအပ်သော ညစ်ညမ်းမှုများ ရောနှောပါဝင်လာပါက ဝါဂွမ်းနှင့် အထည်အလိပ်အရည်အသွေးကို ပျက်စီးစေရုံမက စက်ရုံများ၏ ထုတ်လုပ်မှုစွမ်းရည်ကိုပါကျဆင်းစေပြီး ဈေးကွက်တွင် ဈေးနှိမ်ခံရခြင်းနှင့် ပြည်ပပို့ကုန်စံနှုန်းမမီခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သည်။

ဝါဂွမ်းသန့်စင်ခြင်း၏အရေးပါမှု

တောင်သူဦးကြီးများအနေဖြင့် ဝါပင်ကို မည်မျှပင် အထွက်နှုန်းကောင်းအောင် စိုက်ပျိုးနိုင်ခဲ့ပါစေ၊ ဝါကောက်ပြီးနောက် သန့်စင်မှုအပိုင်းတွင်အားနည်းလျှင် မိမိတို့မျှော်မှန်းထားသည့် အကျိုးအမြတ်နှင့် ထိုက်တန်သောရလဒ်ကို ရရှိနိုင်မည်မဟုတ်ပေ။ ဝါဂွမ်းသန့်စင်ခြင်းလုပ်ငန်းသည် သာမန်အမှိုက် ရွေးခြင်းအဆင့်ထက်ကျော်လွန်၍ အထူးပင်အရေးပါလှသည်။

ချည်မျှင်စက်ရုံများနှင့် ဝါကုန်သည်များသည် ဝါဂွမ်းကိုဝယ်ယူသည့်အခါ အမှိုက်နှင့်ညစ်ညမ်းမှု ပါဝင်နှုန်းအပေါ် မူတည်၍ အဆင့်(Grade) သတ်မှတ်ကြသည်။ အမှိုက်စင်ကြယ်ပြီး ဖြူစင် တောက်ပသည့်ဝါဂွမ်းသည် ပထမတန်းစားအဆင့်ရှိ သဖြင့် ဈေးနှိမ်ခံရခြင်းမှကင်းဝေးပြီး ကာလပေါက်ဈေး ထက် ပိုမိုမြင့်မားသောဈေးနှုန်းကို တောင်သူများ လက်ဝယ်ပိုင်ပိုင်ရရှိစေနိုင်သည်။

ဂွမ်းထဲတွင် နိုင်လွန်နှင့်ပိုလီယက်စတာမျှင်ငယ် လေးများကပ်ပါသွားပါက ဂွမ်းနှင့်အရောင်တူနေသဖြင့် မျက်စိဖြင့်ခွဲခြားရန် အလွန်ခက်ခဲသည်။ သို့သော် အဝတ်အထည်အဖြစ်ရက်လုပ်၍ ဆိုးဆေးရည်စိမ်သည့်အခါ ထိုအမျှင်များသည် ဂွမ်းကဲ့သို့ ဆိုးဆေးရည်မဝင်ဘဲ အဖြူကွက်များအဖြစ် ကျန်ရစ်တတ်သည်။ ၎င်းသည် အချောထည်ပိတ်စ၏ အရည်အသွေးကို ဆိုးရွားစွာပျက်စီးစေသဖြင့် သန့်စင်မှုသည် အထည်အလိပ်အရည်အသွေးအတွက် အသက်သွေးကြောဖြစ်သည်။

ခေတ်မီကမ္ဘာ့စျေးကွက်တွင် ဝါဂွမ်း၏သန့်စင်မှု စံနှုန်းကို အလွန်တင်းကျပ်စွာစစ်ဆေးကြသည်။ မိမိတို့မြန်မာ့ရွှေဝါဂွမ်းကို ပြည်ပသို့တင်ပို့နိုင်ရန်နှင့် ပြည်တွင်း အဆင့်မြင့်အထည်ချုပ်စက်ရုံများတွင် အသုံးပြုနိုင်ရန် ဝါဂွမ်းသန့်စင်မှုနည်းပညာသည် မရှိမဖြစ်လိုအပ်သော နိုင်ငံတကာစံနှုန်းတစ်ခု ဖြစ်ပေသည်။

ဝါဂွမ်းညစ်ညမ်းစေသောအရာများ

ဝါဂွမ်းညစ်ညမ်းစေသောအရာ (၄)မျိုး ရှိသည်။

(၁) သဘာဝအပင်အစိတ်အပိုင်းများ

ဝါကောက်စဉ်နှင့်သယ်ယူစဉ်တွင် ဝါပင်မှ ကပ်ပါလာတတ်သော အမှိုက်များဖြစ်သည်။ ဝါရွက်ခြောက်နှင့် ရွက်ရိုးများသည် စက်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ ဝါကောက်စဉ် အပင်မှကြွေကျကပ်ပါလာတတ်သည်။ ထို့အတူ ကွဲအက်နေသော ဝါသီးခွံ အပိုင်းအစများနှင့် အညှာများသည်လည်း ဝါပွင့်ကို အတင်းဆွဲခူးရာမှ ပါလာနိုင်သည်။ ထို့ပြင် ဝါခင်း အတွင်းရှိ ပေါင်းပင်များ၏အစေ့များနှင့် အရွက်များသည် ဂွမ်းတွင် လာရောက်ကပ်ငြိတတ်သည်။

(၂) ဆီ၊ ဆေးနှင့် မင်များ

ဂွမ်းမျှင်များကိုစွန်းထင်းစေပြီး စက်ရုံတွင်ချည်ငင်၍ မရအောင် ပျက်စီးစေသောအရာများဖြစ်သည်။ စက်ဆီ၊ ချောဆီနှင့် ရေနံဆီတို့သည် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များနှင့် ဝါကောက်သည့် စက်ပစ္စည်းများမှ ဆီယိုစိမ့်မှုကြောင့် ဝါဂွမ်းကို



ဝါဂွမ်းညစ်ညမ်းမှု



ဝါဂွမ်းထဲတွင် ပလတ်စတစ်စများ၊ နိုင်လွန်ကြိုးမျှင်များနှင့် ဝါရွက်ခြောက်များ ရောပါသွားပါက ချည်ကြိတ်စက်များအတွင်း ငြိတွယ်ခြင်း၊ စက်အသွားများ ပျက်စီးခြင်းနှင့် ချည်မျှင်များ ခဏာခဏာ ပြတ်တောက်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ဝါဂွမ်းသန့်စင်မှုသည် စက်ရုံများအတွက် အချိန်ကုန်၊ လူပင်ပန်းမှုကိုလျှော့ချပေးပြီး လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ပေးသည်။

- **ဝါဂွမ်းသန့်စင်ခြင်းလုပ်ငန်းသည် အပိုအလုပ်မဟုတ်ဘဲ မိမိတို့စိုက်ပျိုးထုတ်လုပ်လိုက်သည့် ဝါဂွမ်းများကို တန်ဖိုးအစစ်အမှန်ရရှိစေမည့် "တန်ဖိုးမြှင့်အတတ်ပညာ"ပင်ဖြစ် . . .**
- **ဝါဂွမ်းထဲတွင်ပါရှိနေသောအညစ်အကြေးများကို စနစ်တကျဖယ်ရှားပြီး ဖြူစင်သန့်ရှင်းအောင်ပြုပြင်ခြင်းသည် တောင်သူဦးကြီးများအတွက် ထိုက်တန်သောဈေးနှုန်းကို ရရှိစေမည့်အပြင် ပြည်တွင်းချည်ထည်လုပ်ငန်းရှင်များအတွက်လည်း အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် အခြေခံအုတ်မြစ်ကောင်းတစ်ခုဖြစ် . . .**

ဝါစိုက်တောင်သူအများစုသည် ဝါသီးနှံကို အထွက်နှုန်းကောင်းအောင်စိုက်တတ်လျှင် အောင်မြင်ပြီဟုထင်တတ်ကြသည်။ အမှန်တကယ်မှာ စီးပွားရေးအရအောင်မြင်မှုသည် "ဝါဂွမ်းဖြူဖြူများကို ကောက်သိမ်းပြီးနောက်ပိုင်း စီမံခန့်ခွဲမှု"အပေါ်တွင် များစွာမူတည်နေသည်။ ဝါပင်ပေါ်တွင် မည်မျှပင် ဖွေးဖွေးလှုပ်အောင် ဖြူဖွေးနေသည့် ဝါပွင့်ကြီးဖြစ်နေပါစေ ကောက်သိမ်းသည့်အခါ၊ အခြောက်လှန်းသည့်အခါနှင့် သိုလှောင်သည့်အခါများတွင် စနစ်မကျလျှင် အမှိုက်သရိုက်များ၊ ပလတ်စတစ်စများ စသည့်အညစ်အကြေးများရောပါသွားပြီး **"ရွှေဝါဂွမ်း"** သည် တန်ဖိုးမရှိသော **"ကျပ်ဂွမ်း"** အဆင့်သို့ပင် လျော့ကျသွားပေလိမ့်မည်။ ထို့ကြောင့် ဝါစိုက်တောင်သူဦးကြီးများအနေဖြင့် စိုက်ပျိုးထွက်ရှိလာသည့် ဝါဂွမ်းများအားလုံး တန်ဖိုးမြင့်မားပြီး ဈေးကောင်းရရှိစေရန် ဝါဂွမ်းသန့်စင်မှုနည်းပညာကို သိရှိလိုက်နာဆောင်ရွက်ကြရန် အထူးလိုအပ်ပေသည်။

ဝါဂွမ်းသန့်စင်မှု

ဝါဂွမ်းသန့်စင်မှုဆိုသည်မှာ ဝါဂွမ်းထဲတွင်ပါဝင်နေသော ဝါဂွမ်းမဟုတ်သည့် ပြင်ပအညစ်အကြေးများကို ဖယ်ရှားပေးခြင်းပင်ဖြစ်သည်။ ဝါဂွမ်းသန့်စင်ခြင်းလုပ်ငန်းသည် ဝါဂွမ်းမှ ချည်မျှင်ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်အတွက် မရှိမဖြစ်လိုအပ်သော အရေးကြီးသည့်ကဏ္ဍတစ်ခုဖြစ်သည်။ ဝါဂွမ်းထဲတွင် အမှိုက်နှင့်အညစ်အကြေးများပါဝင်နေပါက ဝါစျေးနှုန်းကို တိုက်ရိုက်ထိခိုက်စေနိုင်သောကြောင့် သန့်စင်မှုသည် တောင်သူများအတွက် အလွန်အရေးကြီးသည်။

စိုးမိုးဝင်း(စိုက်ပျိုးရေး)

ဆေးရည်များ စိမ့်ဝင်သွားခြင်းဖြင့် စွန်းထင်းသည်။

(၃) ပလတ်စတစ်များနှင့် နိုင်လွန်မျှင်များ

ချည်မျှင်စက်ရုံများ အကြောက်ဆုံးနှင့် အရည်အသွေးကို အဆိုးရွားဆုံး ပျက်စီးစေသောအရာများဖြစ်သည်။ ဝါခင်းထဲတွင်လွင့်မျောနေသော ပလတ်စတစ်အိတ်စများနှင့်ဝါထုပ်ချည်သည့် ပလတ်စတစ်ကြိုးစများသည် ဂွမ်းထဲသို့ ညှပ်ပါသွားနိုင်သည်။ ဝါခူးသူများဝတ်ဆင်ထားသည့် အဝတ်အစားများနှင့် ဓာတ်မြေဩဇာအိတ်ဟောင်းကဲ့သို့ မသင့်တော်သောအိတ်များမှပြုတ်ထွက်လာသည့် နိုင်လွန်မျှင်များသည် ဂွမ်းတွင်းကပ်ပါသွားနိုင်သည်။ ဤအမျှင်များသည် ဂွမ်းနှင့်ရောသွားပါက ဆိုးဆေးတင်၍ မရတော့ပါ။

(၄) ပိုးမွှားနှင့်သဘာဝအညစ်အကြေးများ

မှားယွင်းသော သိုလှောင်မှုနှင့် ပိုးမွှားများကြောင့် ဖြစ်ပေါ်လာတတ်သည်။ ယင်ဖြူ၊ ပျဉိုး စသည့် ပိုးမွှားများမှစွန့်ထုတ်သော စေးကပ်သည့်အရည်များနှင့်မစင်များကြောင့် ဝါဂွမ်းများစေးကပ်ပြီး မှိုတက်ကာ အရောင်ပျက်သွားတတ်သည်။ ဝါဂွမ်းများကို မြေကြီးပေါ်တွင် တိုက်ရိုက်ပုံလှန်းခြင်း၊ သယ်ယူခြင်းတို့ကြောင့် သဲ၊ ဖုန်နှင့်ရွံများ၊ ငှက်မွေးနှင့်ဆံပင်မွေးများ ကပ်ပါသွားနိုင်သည်။

ဂွမ်းတွင် ညစ်ညမ်းပစ္စည်းပါဝင်မှုသည် ပြင်ပမှအမျှင်တစ်မျှင်တည်းသာဖြစ်နေပါစေ ချည်မျှင်၊ ပိတ်စနှင့် အဝတ်အထည်များ၏ အရည်အသွေးကို ကျဆင်းစေနိုင်ပြီး ထုတ်ကုန်အားလုံး အပယ်ခံရသည်အထိပင် ဖြစ်သွားစေနိုင်သည်။ ထို့ပြင် စိုက်ပျိုးထုတ်လုပ်သူများ၊ ဂွမ်းကြိတ်စက်ပိုင်ရှင်များ၊ ကုန်သည်များနှင့် ချည်ထည်/အထည်ချုပ်စက်ရုံများအကြား ဆက်ဆံရေးကိုလည်း ပြန်လည်ကုစားရခက်ခဲလောက်အောင် ထိခိုက်ပျက်စီးစေနိုင်သည်။

ထို့ကြောင့်ညစ်ညမ်းမှုသည်ထုတ်လုပ်မှုကွင်းဆက်တွင် ဂွမ်းမျှင်အရည်အသွေးကို ဆုံးဖြတ်သည့် အလွန်အရေးကြီးသော အချက်တစ်ချက်အဖြစ် ဆက်လက်ရှိနေဆဲဖြစ်ပြီး ညစ်ညမ်းမှုရှိသည်ဟု သတ်မှတ်ခံရသည့်နိုင်ငံများနှင့် ဂွမ်းများသည် ဈေးနှုန်းအကြီးအကျယ်နှိမ်ခြင်းကို ခံရတတ်သည်။


ဝါဂွမ်းသန့်စင်မှုနည်းပညာ

ဝါဂွမ်းထဲမှာပါလာသော အညစ်အကြေးများကို စက်ရုံမရောက်ခင်(ဝါမကြိတ်ခင်) အလွယ်ကူဆုံးနှင့် ကုန်ကျစရိတ်အသက်သာဆုံး ဖယ်ရှားနိုင်သည့် စနစ်တကျလက်တွေ့လုပ်ဆောင်နိုင်သော နည်းလမ်းငါးသွယ်ရှိသည်။

ညစ်ညမ်းစေသောအရာများ



ငှက်မွေးများ



ကြိုးများ



အရောင်ရှိသော အမျှင်များ

(၁) အလင်းရောင်အောက်တွင် အမှိုက်ရွေးစင်သုံးခြင်း

ဝါဂွမ်းများကို မြေကြီးပေါ်တွင်ပုံပြီး ရွေးခြင်းမျိုး မလုပ်ဘဲ အမှိုက်ရွေးရလွယ်ကူစေရန် အမှိုက်ရွေးစင်ကို အသုံးပြုရမည်။ **စာမျက်နှာ ၁၄ သို့ ○**

○ စာမျက်နှာ ၁၃ မှအဆက်

- **ဆန်ခါစားပွဲ သုံးပါ။** မျက်နှာပြင်ကို သံဆန်ခါသို့မဟုတ် ဝါးကပ်ဖြင့် ပြုလုပ်ထားသော စားပွဲခုံရှည်ပေါ်တွင် ဝါဂွမ်းများကို ဖြန့်ခင်းပါ။
- **လှုပ်ခါပေးပါ။** ဝါဂွမ်းကို ဖြန့်ပြီးခါလိုက်လျှင် အောက်ခြေသို့ သဲ၊ ဖုန်မှုန့်နှင့် ဝါစေ့အကြွေများ ဆန်ခါပေါက်မှ အလိုအလျောက် အောက်သို့ကျသွားပါသည်။
- **အလင်းရောင်သုံးပါ။** လုံလောက်သော နေ့အလင်းရောင် သို့မဟုတ် မီးချောင်းအောက်တွင် ဝါရွက်ခြောက်၊ ဝါသီးခွံနှင့် ဂျုပ်ဂွမ်း (ဂွမ်းညှို)များကို လက်ဖြင့် သေချာရွေးထုတ်ပါ။

အမှိုက်ရွေးခြင်းလုပ်ငန်းကို ဝါဂွမ်းများ ခြောက်သွေ့နေချိန်တွင်သာ လုပ်ဆောင်သင့်သည်။ စိုစွတ်နေလျှင် အမှိုက်နှင့် ဂွမ်းမျှင်များ ပိုမိုမြဲမြံစွာကပ်နေတတ်သဖြင့် ဖယ်ရှားရန်ခက်ခဲသည်။

(၂) ပလတ်စတစ်နှင့် နိုင်လွန်မျှင်များကို သီးသန့်ဖယ်ရှားခြင်း

ပလတ်စတစ်စများနှင့် အဝတ်အထည်စများသည် ဂွမ်းထဲတွင် ငြိနေတတ်သဖြင့် အထူးဂရုစိုက် ဖယ်ရှားရပါမည်။

- **အရောင်ခွဲခြားခြင်း။** လှန်းထားသော ဝါဂွမ်းပုံထဲတွင် ထင်ရှားစွာမြင်တွေ့ရသည့် ပလတ်စတစ်ကြိုး၊ အိတ်စနှင့် ရောင်စုံနိုင်လွန်မျှင်များကိုတွေ့သည်နှင့် ချက်ချင်းလက်ဖြင့် ဆွဲနုတ်ဖယ်ရှားပါ။
- **အဝတ်အစား ကန့်သတ်ပါ။** အမှိုက်ရွေးသူများနှင့် ဝါကိုင်တွယ်သူများသည် စုတ်ပြတ်နေသော နိုင်လွန်အဝတ်အစားများကို မဝတ်ဆင်ရန်တားမြစ်ပါ။ ယင်းတို့မှ ပြုတ်ထွက်သောအမျှင်များ ဂွမ်းထဲမည်ပစေရန် တားမြစ်ခြင်းဖြစ်သည်။

(၃) ဆီ၊ ဆေးနှင့် မင်များ စွန်းထင်းနေသည့် ဂွမ်းများကိုဖယ်ရှားခြင်း

ဆီ၊ ဆေးနှင့်မင်များ အစွန်းအထင်းဖြစ်နေသောဝါဂွမ်းများကို သေချာစွာ ဂရုတစိုက် ဖယ်ရှားပစ်ရပါမည်။

- **ဆီစွန်းထင်းမှု။** စက်ဆီ၊ ချောဆီနှင့်ရေနံဆီစွန်းထင်းသောဝါများကိုသေချာစွာရွေးထုတ်ပါ။
- **ဆေးစွန်းထင်းမှု။** သုတ်ဆေးနှင့် ဆေးမင်စွန်းထင်းသောဝါများကိုသေချာစွာရွေးထုတ်ပါ။

(၄) ပိုးစေးများကြောင့် စေးကပ်နေသော ဂွမ်းများကိုဖယ်ထုတ်ခြင်း

ပျံပိုးနှင့်ယင်ဖြူပိုးစေးများကြောင့်စေးကပ်နေသော ဂွမ်းများကို ဂရုတစိုက် ဖယ်ထုတ်ရမည်။

- **သီးသန့်ခွဲထုတ်ခြင်း။** ဝါဂွမ်းကိုကိုင်တွယ်ကြည့်သည့်အခါ အဖတ်ကပ်နေသော သို့မဟုတ် အရောင်ကွက်စွန်းထင်းနေသော ဝါဂွမ်းများကို ဂွမ်းကောင်းများနှင့် ရောမထားဘဲ အဆင့်နိမ့်ဂွမ်း (ဂျုပ်ဂွမ်း) အဖြစ် သီးသန့်ခွဲထုတ်ပစ်ရပါမည်။

(၅) သံလိုက်အသုံးပြု၍ သတ္တုစများ ဖယ်ရှားခြင်း

သယ်ယူပို့ဆောင်စဉ်နှင့်ထုပ်ပိုးစဉ်တွင်ပိုင်ဃာကြိုး၊ သံမှိုစ စသည့် သတ္တုတိုများပါလာတတ်သည်။

- **သံလိုက်ဘားသုံးခြင်း။** ဝါဂွမ်းများကို အမှိုက်ရွေးစားပွဲပေါ်တွင်ဖြန့်ချွေစဉ်သို့မဟုတ် အိတ်ထဲသို့မထည့်မီ အားပြင်းသော သံလိုက်တုံး သို့မဟုတ် သံလိုက်တန်းများအပေါ်မှ ဖြတ်သန်းပေးခြင်းဖြင့် သံဓာတ်ပါသော အညစ်အကြေးများကို လွယ်ကူစွာစုပ်ယူဖယ်ရှားနိုင်ပါသည်။

ဝါဂွမ်းသန့်စင်ခြင်းလုပ်ငန်း

ဝါဂွမ်းသန့်စင်ခြင်းလုပ်ငန်းသည်အပိုအလုပ်မဟုတ်တဲ့ မိမိတို့စိုက်ပျိုးထုတ်လုပ်လိုက်သည့် ဝါဂွမ်းများကို တန်ဖိုးအစစ်အမှန်ရရှိစေမည့် **"တန်ဖိုးမြှင့်အတတ်ပညာ"**ပင်ဖြစ်ပါသည်။ မြန်မာ့ဝါသီးနှံကဏ္ဍ အောင်မြင်မှုရရှိရန်မှာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရုံသာမက ထွက်ရှိလာသည့် ဝါဂွမ်းများ၏ အရည်အသွေးကို မြှင့်တင်နိုင်ရန်လည်းလိုအပ်လှသည်။

ဝါဂွမ်းထဲတွင်ပါရှိနေသော အညစ်အကြေးများကို စနစ်တကျဖယ်ရှားပြီး ဖြူစင်သန့်ရှင်းအောင် ပြုပြင်ခြင်းသည် တောင်သူဦးကြီးများအတွက် ထိုက်တန်သောစွေးနှုန်းကို ရရှိစေမည့်အပြင်ပြည်တွင်းချည်ထည်လုပ်ငန်းရှင်များအတွက်လည်း အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် အခြေခံအုတ်မြစ်ကောင်းတစ်ခုဖြစ်သည်။ ထို့ကြောင့် "အစေ့ကောင်းမှ အပင်သန်၊ အပင်သန်မှ အထွက်တိုး" ဆိုသည့်အတိုင်း အထွက်တိုးလာသော မိမိတို့၏ဝါဂွမ်းများကိုလည်း စနစ်တကျသန့်စင်ပေးကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

ကျမ်းကိုး

International Trade Center (2014). African Cotton promotion and value addition: Cotton Quality Management Training Manual.

M.H. J van der Sluijs & L. Hunter (2018), Cotton Contamination: Textile Progress, Volue 49, 2017–Issue3, Pages 137–171, Published online: 21 May 2018.

Shankar6 Cotton Fibers PVT Limited, Contamination in Cotton – A Hidden Challenge in Quality Management, Linkedin.

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၄၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၈၄၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၈၄၇၆
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၈၄၇၊ ၀၉-၃၄၉၀၃၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၆၀၃၅၃၇၇၄
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ရ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၀၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဝ)ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၅၅၄၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(သ)ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၄၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ကျောက်ဆည်မြို့၌ လူငယ်စကားဝိုင်းနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ကျောက်ဆည် ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ စာပေဗဟုသုတများတိုးပွားစေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့်သတ္တိများရှိလာစေရန်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းများ ကျင်းပပေးလျက်ရှိရာ ဩဂုတ်လ ၁၅ ရက်နံနက်ဝိုင်းတွင် ကျောက်ဆည်မြို့မင်းစုအခြေခံပညာအထက်တန်းကျောင်း သံလွင်ခန်းမ၌ လူငယ်စကားဝိုင်းနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မင်းစုအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး(ကိုယ်စား) အထက်တန်းပြဆရာမ ဒေါ်စုဝါငွေးက အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ခင်နှင်းရီက လူငယ်စကားဝိုင်းများကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ခင်နှင်းရီက ဦးဆောင်ပြီး လူငယ်စကားဝိုင်းကို ကျင်းပရာ မင်းစုအခြေခံပညာအထက်တန်းကျောင်း Grade-8 ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မောင်မြတ်မင်းပိုင်က လူငယ်နှင့်နည်းပညာ၊ မအိရှင်းသန့်အောင်က လူငယ်နှင့်အင်တာနက်၊ မပြည့်သော်တာအောင်က လူငယ်နှင့်မူးယစ်ဆေး၊ မစမ်းဝတီက လူငယ်နှင့်ကျန်းမာရေး၊ မတွယ်တာဦးက လူငယ်နှင့်စာပေ စသည့်ခေါင်းစဉ်များဖြင့်အသီးသီး ဆွေးနွေးခဲ့ပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် လူငယ်စကားဝိုင်းသို့တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်းသိရသည်။

သက်မောင်(ကျောက်ဆည်)

★ **စာမျက်နှာ ၁၇ မှအဆက်**

ထိုသို့ဆောင်ရွက်မှသာ နေထိုင်ချင်စဖွယ်ကောင်းသည့် မြို့များ၊ ကျန်းမာသည့် လူမှုအသိုက်အဝန်းများနှင့် ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံနိုင်သည့် လူနေမှုပတ်ဝန်းကျင်များ ဖန်တီးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းရှိစေရေး ရည်မှန်းချက်ကို စောစီးလျင်မြန်စွာဖြင့် မလွဲမသွေအောင်မြင်မည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ သစ်ပင်သစ်တောပေါက္ခြယ်ဝမှု၊ စိမ်းလန်းစိုပြည်မှု၊ သာယာလှပမှုများသည် နိုင်ငံသားများ၏ ဂုဏ်ယူစိတ်၊ ကြည်နူးစိတ်နှင့် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၏ သန္ဓေတည်ရာများဖြစ်လာနိုင်မည်ဖြစ်ကြောင်း။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

သစ်ပင်သစ်တောများ တည်ရှိနေခြင်းသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏အကျိုးစီးပွား၊ အနာဂတ်၏ ဖွံ့ဖြိုးတိုးတက်မှုဟုဆိုနိုင်ကြောင်း၊ ထို့ကြောင့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဟူသည့် မူဝါဒနှင့်အညီ နိုင်ငံရေးရည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပြီး တိုးတက်အောင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်က ကံ့ကော်ပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီဦးစောနှင့်ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိတက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကထိကဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများက ပျိုးပင်များကို တစ်ပြိုင်တည်း တပျော်တပါးစိုက်ပျိုးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့်တတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားတွင် အရိပ်ရပြီး ရာသီအလိုက် ရောင်စုံပန်းများပွင့်သည့် ပိတောက်၊ ခရေ၊ စိန်ပန်း၊ ကံ့ကော်၊ ပျဉ်းမ၊ စွယ်တော်၊ ပန်းမဲဇလီ အစရှိသည့် သစ်မျိုး (၁၀) မျိုးနှင့် ခရာဝါ၊ စိန်ပန်းကလေး၊ စက္ကူပန်း စသည့်ပန်းအလှပင် (၃)မျိုး ပျိုးပင်ပေါင်း (၃၀၀၀)ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

➢ **ကျောဖုံးမှအဆက်**

နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အမြဲတမ်း စစ်မှုထမ်းများနှင့်လက်တွဲ၍ ဂုဏ်ယူစွာ ထမ်းဆောင် ခဲ့ကြသူများအဖြစ် လည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း စည်းကမ်းလိုက်နာ၍ ပေးအပ်လာသည့် နိုင်ငံ့တာဝန်များကို နိုင်ငံကြီးသားပီသစွာ တာဝန်ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း မှတ်တမ်းဝင်ခဲ့ကြသည်ဖြစ်ရာ နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများသည်လည်း ၎င်းတို့၏ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ယူရမှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရမှုကြောင့် ဝမ်းသာပျော်ရွှင်ရမှုတို့ဖြင့် လှပပြည့်စုံလျက်ရှိပြီး ၎င်းတို့၏ မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာကြည်နူးမှုများနှင့်အတူ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုကြိုဆိုခြင်းများကို ဆောင်ရွက်ပေးကြသည်။

တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍လည်းကောင်း၊ အိုးစည်ဒိုးပတ် များဖြင့်လည်းကောင်း စည်ကားသိုက်မြိုက်စွာဂုဏ်ပြုကြိုဆိုခဲ့ကြသည့် မြင်ကွင်းများ၊ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းများ၏ နိုင်ငံတော်က ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့မှုအပေါ် ဂုဏ်ယူဝမ်းမြောက်မှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရခြင်းအပေါ် ပျော်ရွှင်ရမှုနှင့် ၎င်းတို့အပေါ် မိသားစုနှင့်ပတ်ဝန်းကျင်ကပါ ဂုဏ်ယူလေးစားစွာကြိုဆိုခဲ့မှုအပေါ် ကြည်နူးဂုဏ်ယူရသည့် မြင်ကွင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့မြင်ရပါသည်။

အဆိုပါ နိုင်ငံ့သားကောင်းစစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသော ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝဘေးအန္တရာယ် များဖြစ်ပွားလာချိန်တွင် ကူညီကယ်ဆယ်ရေးတာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်း စစ်မှုထမ်းများနှင့်အတူ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့မဟုတ်) အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကိုရရှိမည်ဖြစ်သည်။

ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင်ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ" က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာပါဝင်စာရင်းပေးပြီး တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းရတနာများအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကို ပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့်တပ်မတော်က ထာဝစဉ် တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)











နိုင်ငံ့တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာသောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သစ်ပင်သစ်တောများသည် သဘာဝဂေဟစနစ်များအားလုံး၏ဗဟိုချက်ဖြစ်သည့်အတွက် စိုက်ပျိုးထိန်းသိမ်းပြီး စနစ်တကျ စီမံအုပ်ချုပ်ခြင်းအားဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းအထောက်အကူပြုစေမည်ဖြစ်



ဒုတိယသမ္မတ ဦးညီစော ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။

- **သဘာဝဘေးအန္တရာယ်များကိုလျော့ပါးသက်သာစေရေးအတွက် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးဖြင့် နေရာတိုင်းတွင်လူတိုင်းလုပ်နိုင်ပြီး အကျိုးကျေးဇူးများစွာရနိုင်သည့် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ် . . .**
- **သစ်ပင်စိုက်ပျိုးခြင်းကိုလည်း ဒေသအသီးသီး၌ အသင်းအဖွဲအစည်းများဖြင့် စိုက်ပျိုးကြရမည်ဖြစ်ပြီး "တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်စေရေး" အထူးအလေးထားစိုက်ပျိုးထိန်းသိမ်းကြရန်လို . . .**

★ **ရှေ့ဖုံးမှအဆက်**

ကောလိပ်များနှင့်အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိကဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသည် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်ဖြစ်ပြီး ဒကွိဏသီရိမြို့နယ်၊ သံတမန်ဇုန်၏ မြောက်ဘက် သစ်ခွလမ်းနှင့် ကစ္ဆပနဒီလမ်းဘေးဝဲယာတို့တွင် အရိပ်ရပြီး ရာသီအလိုက်ရောင်စုံပန်းများ ပွင့်သည့် ပိတောက်၊ ခရေ၊ စိန်ပန်း၊ ကံ့ကော်၊ ပျဉ်းမ၊ စွယ်တော်၊ ပန်းမဲဇလီ အစရှိသည့် သစ်မျိုး (၁၀) မျိုးနှင့် ခရာဝါ၊ စိန်ပန်းကလေး၊ စက္ကူပန်းစသည့် ပန်းအလှပင် (၃)မျိုး ပျိုးပင်ပေါင်း (၃၀၀၀)ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို ယခင်က နေပြည်တော်၌သာ ကျင်းပခဲ့ခြင်းဖြစ်သော်လည်း ပြီးခဲ့သည့်နှစ်မှစ၍ မင်းဘူးမြို့နှင့် မိတ္ထီလာမြို့တို့တွင်လည်း ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ဇူလိုင်လ (၁၂)ရက်၌ ပြင်ဦးလွင်မြို့နှင့် ဇူလိုင်လ (၁၃)ရက်၌ မင်းဘူးမြို့တို့တွင် နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပွဲတော် တစ်ကြိမ်စီဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးပွဲတော်များကို ပြုလုပ်ရသည့်ရည်ရွယ်ချက်မှာ နိုင်ငံတစ်ဝန်းသစ်တောများဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး စသည်တို့ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတော်ကဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့်အတူ တစ်နိုင်ငံလုံးဒေသအသီးသီး၌ သစ်ပင်စိုက်ပျိုးပွဲတော်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိနေကြကြောင်း၊ နေပြည်တော်ဘုံကိုလည်းသန့်ရှင်းသပ်ရပ်ပြီး စိမ်းလန်းစိုပြည်သည့်မြို့တော်အဖြစ် တည်ဆောက်သည့်နေရာတွင် အထောက်အကူရစေရန်လည်းပါဝင်ကြောင်း။

နိုင်ငံတော်အနေဖြင့် နှစ်စဉ်သစ်ပင်စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ယခုနှစ်မိုးရာသီတွင် နိုင်ငံနှင့်အဝန်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၁ ဒသမ ၃၇ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်သာယာဝပြောရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးသည် အပြန်အလှန်မှီခိုလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်ပြီး ကမ္ဘာတစ်ဝန်း အကြီးမားဆုံးစိန်ခေါ်မှုမှာ "ရာသီဥတု ပြောင်းလဲမှု (Climate Change)" နှင့် "ကမ္ဘာကြီးပူနွေးလာမှု (Global Warming)" ပင်ဖြစ်ကြောင်း၊ အပူချိန်လွန်ကဲလာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ သာမန်ထက်လွန်ကဲသည့် မိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံခြင်းနှင့် ပြင်းထန်သည့် မုန်တိုင်းများတိုက်ခတ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များကို ကမ္ဘာနှင့်အဝန်း ကြုံတွေ့ခံစားနေကြရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ် ယခင်ကထက်ပိုပြီး ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် သိသာထင်ရှားသည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိနေကြောင်း။

မိမိတို့နိုင်ငံတွင် မကြာသေးမီ ၂၀၂၃ ခုနှစ်က ကြုံတွေ့ခဲ့ရသည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်က တောင်တရုတ်ပင်လယ်မှ စတင်ဖြစ်ပေါ်ခဲ့သည့် စူပါတိုင်ဖွန်း ရာဂီမုန်တိုင်းနှင့်အတူ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များသည် သဘာဝပတ်ဝန်းကျင်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားသို့တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုကိုကြည့်ရှုအားပေးစဉ်။

❖ “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” ဟူသည့်မူဝါဒနှင့်အညီ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပြီး တိုးတက်အောင်ဆောင်ရွက် . . .

ပျက်စီးယိုယွင်းလာမှု၏ နောက်ဆက်တွဲဆိုးကျိုးများပင်ဖြစ်ကြောင်း၊ လက်ရှိကာလတွင်လည်း ဇရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၏ မြို့နယ်တချို့တွင် မိုးများစွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးကို နိုင်ငံတော်အနေဖြင့် ကဏ္ဍအသီးသီးတွင် စနစ်တကျအစီအမံဖြင့် အထူးအလေးထားပေါင်းစပ်ဆောင်ရွက်နေသည်ကို ဌာနဆိုင်ရာများနှင့် ပြည်သူအားလုံးက ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်နေသည်ကို သတိပေးမှာကြားလိုကြောင်း။

ထို့ကြောင့် သဘာဝဘေးအန္တရာယ်များကို လျော့ပါးသက်သာစေရေးအတွက် သစ်ပင်သစ်တောများသည် လူသားများအပါအဝင် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိသတ္တဝါများအားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသောဂေဟစနစ်ဖြစ်သည့်အတွက် စားရေရိက္ခာ ဖူလုံရေးစသည့် ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်ပင်သစ်တောများသည် သဘာဝဂေဟစနစ်များအားလုံး၏ ဗဟိုချက်ဖြစ်သည့်အတွက် စိုက်ပျိုးထိန်းသိမ်းပြီး စနစ်တကျစီမံအုပ်ချုပ်ခြင်းအားဖြင့် ပတ်ဝန်းကျင်တို့နှင့်တန်းတူ အကျိုးထူးများရရှိနိုင်သည့် ထာဝရကုသိုလ်တစ်ခုပင်ဖြစ်ကြောင်း၊ အေးမြသည့် အရိပ်အာဝါသ၊ လှပစိမ်းစိုသည့်ရှုခင်း၊ အရောင်စုံပြီး မွှေးပျံ့သည့်ပန်းရနံ့များကို လူတိုင်းကြိုက်နှစ်သက်သည်ဖြစ်သည့်အတွက် စိုက်သည့်သစ်ပင်တိုင်း ရှင်သန်အောင်မြင်စိုပြည်ရေးစီမံကိန်း၊ ကမ်းရိုးတန်းဒီရေတောများ ဘက်စုံစီမံအုပ်ချုပ်ခြင်းစီမံကိန်းစသည့် သစ်တောထိန်းသိမ်းရေးစီမံကိန်းလုပ်ငန်းများကိုလည်း ရည်မှန်းချက်များနှင့်အညီ အောင်မြင်အောင် အလေးထားဆောင်ရွက်ရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့အပြင် အာဆီယံလမ်းမကြီး လမ်းဘေးဝဲ ယာ၊ ပြည်ထောင်စုလမ်းမကြီးဘေး ဝဲ ယာများ၊ ကျေးရွာခရိုင်ချင်းဆက်လမ်းဘေး ဝဲ ယာများ၌ အရိပ်ရအပင်များစိုက်ပျိုးခြင်း၊ သစ်တောသစ်ပင်ကျဲပါးသည့် တောင်ကုန်းထိပ်များ၊ မြစ်ချောင်းများ၏ ရေဝေရေလဲဧရိယာများတွင် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းခြင်း၊ ကျေးရွာထင်းစိုက်ခင်းများနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ခြင်း၊ မြို့ပြသစ်တောများ ဖွံ့ဖြိုးရေး၊ မြို့ပြဧရိယာများ စိမ်းလန်းစိုပြည်ရေးတို့ကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးရုံသာမက နိုင်ငံ့စီးပွားရေးကို အထောက်အကူဖြစ်စေမည့် ဝါး၊ ရော်ဘာ စသည့် နှစ်ရှည်စက်မှုကုန်ကြမ်းသစ်ပင်မျိုးများကိုလည်း အခြေအနေပေးသည့်၊ ရနိုင်သည့်နေရာများတွင် စိုက်ပျိုးပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲတော်များ ဆောင်ရွက်ခြင်းအပြင် မိသားစုအလိုက်၊ လူမှုရေးအသင်းအဖွဲ့များအလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များအလိုက် သစ်ပင်စိုက်ပျိုးခြင်းကိုလည်း ဒေသအသီးသီး၌ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် စိုက်ပျိုးကြရမည်ဖြစ်ပြီး “တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်စေရေး” ကိုလည်း အထူးအလေးထားစိုက်ပျိုးထိန်းသိမ်းကြရန် လိုအပ်ကြောင်း။

နိုင်ငံတစ်ဝန်း Green City၊ Clean City၊ Smart City နှင့် Green Village များ ဖွံ့ဖြိုးလာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာ၊ အဖွဲ့အစည်းများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် ပြည်သူများ ပူးပေါင်းပါဝင်မှုနှင့်အတူ အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း။

စာမျက်နှာ ၁၅ သို့ ★



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။

အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးဖြင့် နေရာတိုင်းတွင်လူတိုင်းလုပ်နိုင်ပြီး အကျိုးကျေးဇူးများစွာရနိုင်သည့် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

“အသက်ပံ့ပိုးမှုစနစ် – life Supporting System” အဖြစ် သတ်မှတ်ထားကြောင်း၊ သစ်ပင်သစ်တောများသည် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများကိုလည်း တားဆီးကာကွယ်ပေးကြောင်း၊ ထို့မျှမက ရေနှင့်မြေဆီလွှာထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ပြီး နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းသည် ဇရပ်၊ တန်ဆောင်း၊ ကျောင်း ဆောက်လုပ်လျှုဒါန်းခြင်း၊ လမ်းတံတားဆောက်လုပ်လျှုဒါန်းခြင်း၊ ရေတွင်းရေကန်တူးဖော်လျှုဒါန်းခြင်း စသည်စေလိုသည့် စိတ်ရင်းစေတနာကောင်းများဖြင့် သစ်ပင်စိုက်ပျိုးခြင်းဖြင့် တူညီသည့်အကျိုးကျေးဇူးများကို ရရှိခံစားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှုတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် သစ်တောများပြန်လည်ထူထောင်ရေးစီမံကိန်း၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်း

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Press Release

President of the Republic of the Union of Myanmar, H.E. U Min Aung Hlaing to pay Official Visit to the Russian Federation

At the invitation of His Excellency Mr. Vladimir Putin, President of the Russian Federation, His Excellency U Min Aung Hlaing, President of the Republic of the Union of Myanmar, will pay an Official Visit to the Russian Federation in the near future.

During the visit, the President of Myanmar will meet with the President of the Russian Federation, the Prime Minister of the Russian Federation, and the Chairman of the State Duma of the Russian Federation and other officials from the Russian Government. The President will cordially discuss matters relating to the further consolidation of the existing friendly relations and strategic cooperation in all areas of mutual interest including economic, security and social spheres.During the visit, the President will also attend the Myanmar-Russia Business Forum.

The President will be accompanied by Union Ministers and officials during the visit.

President of the Republic of the Union of Myanmar U Min Aung Hlaing plants ironwood sapling at the third national-level monsoon tree-growing ceremony for 2026

NAY PYI TAW August 15

The third national-level monsoon tree-growing ceremony for 2026 took place on both sides of Thitkhwa and Kissapanadi streets north of the Diplomatic Zone in Dekkhinathiri Township this morning, attended by President of the Republic of the Union of Myanmar U Min Aung Hlaing who grew an ironwood sapling.

Also present at the ceremony together with the President were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo, Union-level dignitaries, Union ministers,the Nay Pyi Taw Council Chairman,senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, officers and departmental personnel from ministries, rectors, pro-rectors, faculty members, teachers and students from universities, colleges and basic education schools in Nay Pyi Taw and officials.

In his speech, the President said the current event is the third national-level monsoon tree-growing ceremony for 2026. At the ceremony, 3,000 saplings including ten tree species of shade trees that bloom seasonal flowers such padauk, star flower, flamboyant tree, ironwood,orchid tree, and pink shower tree and three kinds of ornamental flower plants -- Golden trumpet, Peacock flower, and Bougainvillea -- would be grown on both sides of Thitkhwa and Kissapanadi streets north of the Diplomatic Zone in Dekkhinathiri Township.

In the past tree-planting ceremonies were held only in Nay Pyi Taw. But in the previous year, they were also held in Minbu and Meikhtila. This year, national-level ceremonies have been organized in PyinOo-Lwin on 12 July and in Minbu the next day.

The tree-planting ceremonies aim to expand forest cover in the entire country, creating a pleasant, green and lush environment, prevent natural disasters, ensure a balanced and favourable climate. The ceremonies are being held at the respective places across the country under the leadership of the State and the public participation, with greater momentum. The ceremonies also provide

See Page - 19 ■■



President of the Republic of the Union of Myanmar U Min Aung Hlaing delivers a speech at the third national-level monsoon tree-growing ceremony for 2026.



President U Min Aung Hlaing cordially converses with a tree-grower.

■■ From Page - 18

support to the work of turning Nay Pyi Taw into a clean and green city.

The State is driving its efforts to the tree-planting ceremonies as a national task and in this year, it has already grown 21.37 million trees all across the nation including in the State-owned tree plantations.

National prosperity and environmental conservation are relying on one another. Climate change and global warming are the current environment-related challenges the world of is facing. It is common knowledge that extreme temperatures, drought, abnormal rainfall are triggering natural disasters such as floods and severe storms all across the world.

The world countries including Myanmar are suffering considerable economic and social losses, as they are facing more natural disasters annually than in the past.

Myanmar faced natural disasters such as cyclone Mocha in 2023, and super typhoon Yagi in 2024 that caused floods and landslides, and they are the results of environmental deterioration. Recently, floods occurred in certain townships of Ayeyawady Region, Sagaing Region, Mandalay Region and Shan State due to downpours.

The President called on all government departments and the public to cooperate actively with the state's cross-sectoral initiatives aimed at climate change mitigation.

Highlighting the urgency of the situation, the President noted that tree planting, forest conservation and environmental protection represent the simplest, most accessible, and most cost-effective measures to reduce the risks of natural disasters. He urged all citizens to accelerate these efforts nationwide to secure their widespread benefits.

Referring to forests and trees as the planet's "Life Supporting System", the President underscored that they constitute the only ecosystem capable of producing oxygen -- a fundamental necessity for the survival of humanity and all living organisms. Beyond mitigating global warming, climate change, and natural disasters, forests provide essential ecosystem services, including soil and water conservation as well as food security. As the central pillar of all natural ecosystems, proper planting, conservation and systematic management of forests will foster a green environment and support long-term sustainable national development, he stated.

In his address, the President also drew a cultural comparison, framing the planting and nurturing of trees as a form of eternal merit (Thavara Kusala), yielding spiritual benefits equal to constructing religious buildings, building roads and bridges, or digging wells and reservoirs. Noting that everyone enjoys cool shade, verdant landscapes, and colorful, fragrant blossoms, he encouraged citizens to plant trees with genuine goodwill so that all may reap the shared rewards.

Furthermore, the President urged relevant authorities to prioritize achieving the targets of key national conservation initiatives aimed at increasing nationwide forest cover. These include the National Forest Rehabilitation Project, the Greening Project for the 13 Districts of the Dry Zone, and the Integrated Mangrove Ecosystem Management Project along coastal regions.

He also emphasized the need to step up tree-planting efforts along the shoulders of ASEAN highways, Union highways, and inter-village and inter-district roads. Conservation activities must also target degraded hilltops and critical river watersheds, alongside establishing village firewood plantations, multi-purpose plantations, urban forestry development, and municipal greening initiatives. The President encouraged the planting of long-term industrial raw crops—such as bamboo and rubber—wherever suitable. He noted that such efforts not only preserve the environment and promote greening but also directly bolster the national economy.

He stated that in addition to holding tree-planting festivals, individuals must plant trees across various regions through diverse approaches, including family, community-based, ward, village, and township initiatives, emphasizing the critical need to maintain and ensure that every planted tree survives.

He urged regional and state governments, departments, and organizations to actively work together with public participation as a national duty to foster the development of Green Cities, Clean Cities, Smart Cities, and Green Villages across the country.

He stated that only through such actions can livable cities, healthy communities, and climate-resilient environments be created, ensuring the prompt and inevitable realization of the national goal to achieve 50 percent forest cover across the country. He added that the abundance, greenery, and natural beauty of the nation's trees and forests can also serve as the very foundation for citizens' pride, joy, and patriotism.

He stated that the presence of trees and forests can be regarded as the legacy of the past, the benefit of the present, and the development of the future. He added that, in line with the policy "Let us protect our environment for the prosperity of the Nation," he urged everyone to view and assess the conservation of trees, forests, and forest ecosystems which are vital for long-term national development, food security, climate change mitigation, and natural disaster prevention from all perspectives and sectors, and to collectively protect, preserve, and promote them as a national duty.

President U Min Aung Hlaing then led the ceremony by planting an ironwood sapling at the designated location.

Afterwards, Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, the Speaker of the Pyithu Hluttaw, the Speaker of the Amyotha Hluttaw, the Commander-in-Chief of Defence Services, Union-level dignitaries, Union Ministers, the Chairman of the Nay Pyi Taw Council, Deputy Ministers, departmental officers and staff from various ministries, as well as rectors, pro-rectors, lecturers, teachers, students, and officials from universities, colleges, and basic education schools in Nay Pyi Taw, joyfully planted the saplings simultaneously.

The President and his party then toured the venue to encourage those joyfully planting saplings at the Tree-Planting Ceremony.

It is reported that a total of 3,000 saplings were planted at today's Ceremony, comprising 10 shade-providing and seasonally blooming tree species such as padauk, star flower, flamboyant tree, ironwood,orchid tree, and pink shower tree and three kinds of ornamental flower plants -- Golden trumpet, Peacock flower, and Bougainvillea.

Myawady

Pwintbyu Township plans to grow more than 6,000 acres of pigeon pea this year

PWINTBYU August 15

According to the Township Agriculture Department, local authorities earmarked cultivation of 6,611 acres of pigeon pea in Pwintbyu Township of Magway Region in this monsoon.

In Pwintbyu Township, a total of 6,611 acres of pigeon pea are targeted for cultivation during this year's monsoon cropping season, with planting scheduled to take place from June through September this year, according to reports.

"This year's monsoon cropping season, Pwintbyu Township has set a target of cultivating 6,611 acres of pigeon pea. Efforts will be made to ensure the targeted acreage is fully achieved. To obtain good yield and quality in pigeon pea cultivation, the necessary agricultural techniques and support will be provided. Pigeon pea is cultivated both as a standalone crop and also intercropped with crops such as groundnut and sesame to generate double-crop income," said Daw Moe Moe Wai, head of the Pwintbyu Township Agriculture Department.

In Pwintbyu Township, the Agriculture Department will carry out field-based farmer education activities for pigeon pea growers this year, including the selection and cultivation of quality pure seeds, correct cultivation methods, pest prevention measures, and practices to achieve better yields.

Daw Moe Moe Wai also continued to say that if pigeon pea can be cultivated with good yield and quality, it will not only ensure local consumption sufficiency but also allow surplus production to be exported abroad, thereby increasing farmers' income. Therefore, efforts should be made to expand pigeon pea cultivation more widely across regions.

SMK

More than 1,000 acres of sesame stated to grow in Kalewa Township

KALEWA August 15

Statistics of Kalewa Township Agriculture Department stated that local farmers will grow more than 1,000 acres of sesame in Kalewa Township of Sagaing Region.

During the 2026-2027 monsoon crop cultivation season, Kalewa Township has targeted the cultivation of 1,011 acres of rainfed sesame, and farmland is currently being ploughed in preparation for planting.

This year, the township agriculture department in Kalewa Township will provide awareness and technical support to sesame growers on expanding sesame cultivation, proper cultivation techniques, the use of GAP methods, cultivation of high-quality pure seed varieties, and the planting of high-yield sesame varieties, according to reports.

Crops produced under the GAP system are known to have higher quality and fetch better prices than crops cultivated using other farming methods. In addition to domestic markets, such crops can also be exported to international markets. Due to these advantages, farmers cultivating crops under the GAP system are expected to gain greater economic benefits and improve their socio-economic livelihoods.

SK

Oil spill from grounded vessel affects 12 km of C. Oman's coastline

MUSCAT August 15

About 12 km of coastline in central Oman's Ras Madrakah area has been affected by oil spill from the grounded vessel Caroline Bezengi, the country's Environment Authority said Saturday.

The latest field monitoring showed the oil slick continues to head southeast toward the high seas, with the southeastern Masirah Island remaining within the zone of potential impact, the authority said.

It added that current data show "no significant traces of pollution" at other locations.

Meanwhile, the Food Safety and Quality Center said it was monitoring fishing grounds and processing plants and collecting samples for tests to ensure the safety of fishery products in potentially affected areas.

The Caroline Bezengi has been grounded off the Al Hallaniyat Islands in Oman's southern Dhofar Governorate since June after its crew reported an explosion on board, according to media reports.

On Wednesday, the Environment Authority said the spill had reached beaches in Ras Madrakah. It added that salvage operations were underway to stabilize the vessel, safely transfer its oil cargo, and contain the source of the leak. **Xinhua**

Seven killed, 23 injured in bus-truck collision in N. Iraq

BAGHDAD August 15

Seven people were killed and 23 others injured on Saturday when a tourist bus collided with a truck and overturned in Iraq's northern province of Nineveh, local police and security sources said.

Lieutenant Colonel Mohammed Hamid from the Iraqi police said the bus was carrying tourists from Baghdad toward Mosul, the provincial capital of Nineveh, when the accident occurred on the main highway in the southern part of the province.

Some of the injured sustained severe injuries and were sent to nearby hospitals, according to a local security source.

Authorities have launched an investigation to determine the exact cause of the crash, the source added, noting that some injured passengers said the driver had periodically fallen asleep while driving.

Traffic accidents are common in Iraq due to poor road conditions and widespread disregard for safety regulations. **Xinhua**

Strait of Hormuz to be opened only under Iran's command: deputy FM

TEHRAN August 15

A senior Iranian diplomat said Saturday that the Strait of Hormuz will be closed and opened only under Iran's command.

Kazem Gharibabadi, Iranian deputy foreign minister for legal and international affairs, made the remarks on X in response to a claim by U.S. President Donald Trump, who said on Friday that he would soon declare the strait a U.S. territory.

"The Strait of Hormuz can be captured neither with a tweet and aircraft carriers nor by issuing orders and a stump speech. Iran is neither afraid of threats nor intimidated by displays of power," he said.

"This strait will only be closed and opened under Iran's command," he added.

Iran tightened its grip on the strait on February 28, barring safe passage of vessels belonging to or affiliated with Israel and the United States following their joint strikes on Iranian territory.



"After we finish defeating Iran -- which is being very badly defeated -- pretty soon I'll be declaring the Hormuz Strait a territory of the United States," Trump said during a rally in New York. **Xinhua**

Death toll from Indonesia's Flores earthquake rises to 47



MAUMERE August 15

The death toll from a 7.7-magnitude earthquake and several strong aftershocks that struck off the coast of Flores Island in eastern Indonesia has risen to 47, the country's National Disaster Mitigation Agency (BNPB) said Saturday.

In its latest update, the BNPB said at least 346 houses have been damaged, including 157 that were severely damaged, 41 moderately damaged, and 148 slightly damaged.

The earthquake also damaged public facilities, including 87 educational facilities, 18 health facilities, five places of worship, and six government offices, according to the agency.

Melki Laka Lena, governor of East Nusa Tenggara Province, told a press conference in Kupang on Saturday that some roads were cut off or blocked by landslides.

The BNPB has dispatched food and other relief supplies to the affected areas, including supplies from a logistics warehouse in East Flores Regency. Relief supplies are also being sent from Jakarta via the Halim Perdanakusuma Air Force Base.

Following the earthquake, several flights in East Nusa Tenggara Province were canceled.

The earthquake, centered near Mbay town in Nagekeo Regency, struck early Saturday and triggered a tsunami warning that was later lifted by Indonesia's Meteorology, Climatology and Geophysics Agency. **Xinhua**

Russia producing all aircraft components domestically — Industry Ministry

MOSCOW August 15

Russia is the only country in the world that produces all aircraft components domestically, the Russian Ministry of Industry and Trade said on Saturday on the occasion of Aircraft Manufacturers' Day.

"Russia is the only country in the world where all aircraft components are produced domestically. This is the result of many years of work and the hard work of thousands of specialists," the statement read.

The work, knowledge, and skill of the industry specialists help develop domestic aviation and strengthen its technological independence, the ministry said. **Sputnik**

Morocco prevents hundreds of migrants from illegally entering Spanish Ceuta - Reports

MOSCOW August 15

Moroccan security forces thwarted an attempt by hundreds of migrants to illegally enter the Spanish autonomous city of Ceuta, Spanish media reported, citing sources in Moroccan security agencies.

The migrants were reportedly hiding on the outskirts of the Moroccan border town of Fnidek. Sources told Spanish media that Moroccan forces dispersed the migrants in the mountainous area southwest of Ceuta.

In late July, Ceuta experienced a massive influx of migrants from Morocco. Spanish Interior Minister Fernando Grande-Marlaska said that approximately 72,000 migrants had entered the Spanish territory from Morocco. Authorities in Ceuta said on Tuesday that approximately 10,000 migrants remain in the city. **Sputnik**

Wife of President Honorary Patron Daw Kyu Kyu Hla attends 13th Anniversary of MWCDF

NAY PYI TAW August 15

The 13th Anniversary of Myanmar Women and Children Development Foundation, which devotes its relentless efforts to socio-economic development of women and children across the country under the theme "May All Women and Children Gain Secure and Beautiful Lives," was held at the M Gallery Hotel in Nay Pyi Taw this morning and wife of the President of the Republic of the Union of Myanmar Honorary Patron of the MWCDF Daw Kyu Kyu Hla graced the ceremony.

Also present at the ceremony were wife of Vice President (1) U Nyo Saw Honorary Patron of the MWCDF Daw San San Aye, Vice President (2) Honorary Patron of the MWCDF Daw Nan Ni Ni Aye, the wives of the speakers of the Pyithu Hluttaw and the Amyotha Hluttaw, the wife of the Commander-in-Chief of Defence Services, the wife of the Deputy Commander-in-Chief of Defence Services, union ministers and their wives, the auditor general of the Union, the wife of the chairman of the Union Civil Service Board, the wife of the chairman of Nay Pyi Taw Council, the governor of the Central Bank of Myanmar, the wife of the Anti-corruption Commission chairman, the wife of the commander of Nay Pyi Taw Command, deputy ministers, director generals, specially invited guests, chairpersons and vice chairpersons of partner organizations and donors.

First, Chairperson of Myanmar Women Affairs Committee Union Minister for Women Affairs Dr Thet Thet Zin made an opening speech and chairperson of the MWCDF Dr Nandar Hmoon extended greetings.

Then, artists from the Ministry of Hotels, Tourism and Culture performed music to the theme song of the MWCDF "May All Women and Children Gain Secure and Beautiful Lives" and documentary video of 13 years' activities of the foundation was screened.



Wife of the President of the Republic of the Union of Myanmar Honorary Patron of the MWCDF Daw Kyu Kyu Hla presents an honorary award to a national level prize winner.

Afterward, wife of the President of the Republic of the Union of Myanmar Honorary Patron of the MWCDF Daw Kyu Kyu Hla presented honorary awards to prize winners at the national level in various sectors. Then, the wife of the Vice President (1) Honorary Patron of the MWCDF Daw San San Aye, Vice President (2) Honorary Patron of the MWCDF Daw Nan Ni Ni Aye and wife of the Commander-in-Chief of Defence Services Daw Nilar presented honorary awards to chairpersons of region and state MWCDFs.

Afterward, Daw Kyu Kyu Hla and guests posed for documentary photographs together and observed the photo exhibition of MWCDF activities and exhibition booths of regions and states.

During the second session of the ceremony, the annual meeting of the MWCDF was held under the guidance of the chairperson and vice chairpersons of the MWCDF. At the meeting, expenditure of the foundation, activities of the MWCDF, organizational set-up and disciplines of the foundation, the summary of plans of the foundation and the financial statement of the foundation were discussed before presenting financial supports, notebooks of the foundation and flyers to state and region chapters.

Myawady



Wife of Vice President (1) U Nyo Saw Honorary Patron of the MWCDF Daw San San Aye presents an honorary award to a national level prize winner.



Vice President (2) Honorary Patron of the MWCDF Daw Nan Ni Ni Aye presents an honorary award to a MWCDF state/region chairperson.

YeU Township decides to grow more than 1,000 acres of green gram

YEU August 15

Local authorities set a plan to cultivate more than 1,000 acres of green gram as monsoon crops in YeU Township of Sagaing Region, according to the Township Agriculture Department.

Local authorities earmarked cultivaiton of 1,088 acres of green gram in YeU Township in 2026-2027 monsoon crop cultivation season, starting from June till September.

"This year, during the monsoon crop cultivation season, YeU Township is targeting the cultivation of more than 1,000 acres of green gram. Efforts will be made to ensure the targeted acreage is fully achieved. Regarding green gram cultivation, awareness activities are being carried out to encourage expanded cultivation, and farmers are also being educated on the use of high-quality pure seed varieties to achieve better yields," said Daw Aye Nyein Thant, head of the YeU Township Agriculture Department.

SMK

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

မွန်ပြည်နယ်အဆင့် အာဟာရဖွံ့ဖြိုးရေးနှင့် ကျောင်းကျန်းမာရေး သိတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကျင်းပ

မော်လမြိုင် ဩဂုတ် ၁၅

၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသိတင်းပတ်လှုပ်ရှားမှု ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မော်လမြိုင်မြို့ရှိပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံမူကြိုကျောင်းမှ မူကြိုကလေးငယ်များက ကပြဖျော်ဖြေကြသည်။ ထို့နောက် “ဘဝအစလှပဖို့ မိခင်နို့ချို တိုက်ကျွေးလို့ အလေ့အထကောင်းများ မြှင့်တင်စို့”ခေါင်းစဉ်ဖြင့် အသိပညာပေး ဗီဒီယိုကိုပြသခဲ့ပြီး အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းကျောင်းသူများက Fitness Dance ဖြင့် ဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်အဆင့် မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ထို့ပြင် ကပြဖျော်ဖြေခဲ့ကြသည့်ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ပြီး အသက်ငါးနှစ်အောက်ကလေးငယ်များအား အင်အားပြည့် ဗီတာမင်အဆေးလုံးများ တိုက်ကျွေးခြင်းနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ ထို့အတူ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြည့်စွက်ပစ္စည်းများနှင့်ဆေးပြားများထောက်ပံ့ပေးခြင်း၊ အလယ်တန်းကျောင်းသူများအား သံဓာတ်ဆေးပြားများတိုက်ကျွေးခြင်းနှင့် အလယ်တန်းကျောင်းသားများအား သန်ချဆေးများ တိုက်ကျွေးခြင်းတို့ကိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၄၀၆)



Hyundai ASEAN Championship

အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၅

Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအား စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ယနေ့ည ၇ နာရီခွဲတွင် စင်ကာပူအသင်းနှင့် ထိုင်းအသင်းတို့သည် စင်ကာပူအားကစားကွင်း၌လည်းကောင်း၊ ဩဂုတ်လ ၁၆ ရက် **(ယနေ့)**ည ၇ နာရီခွဲတွင် မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် မလေးရှားအားကစားကွင်း၌လည်းကောင်း၊ ဩဂုတ်လ ၁၈ ရက်ည ၇ နာရီခွဲတွင် ထိုင်းအသင်းနှင့်စင်ကာပူအသင်းတို့သည် ထိုင်းအားကစားကွင်း၌လည်းကောင်း၊ ဩဂုတ်လ ၁၉ ရက်ည ၇နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့သည် ဗီယက်နမ်အားကစားကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဗိုလ်လုပွဲပွဲစဉ်များအား ဩဂုတ်လ ၂၂ ရက်နှင့် ၂၆ ရက် ည ၇ နာရီခွဲတို့တွင် အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအား MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ

ပဲခူးမြို့၌ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ခရိုင်အဆင့်) ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



ပဲခူး ဩဂုတ် ၁၅

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး အောက်ထပ်ခန်းမ၌ ယမန်နေ့ နေ့လယ်ပိုင်းက (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ပဲခူးခရိုင်အဆင့်) ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ (၂၇)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ပဲခူးခရိုင်အဆင့်) ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အမှာစကားပြောကြားသည်။

ထို့နောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဘာသာရပ်အလိုက် အထူးဆုရရှိသူများအား မြို့မိမြို့ဖများနှင့်ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးများကလည်းကောင်း၊ ဒုတိယဆုရရှိသူများအား ခရိုင်အဆင့် ဌာနဆိုင်ရာများကလည်းကောင်း၊ ပထမရရှိသူများအား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုးနှင့် ခရိုင်ကော်မတီအဖွဲ့ဝင်များကလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပဲခူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်စိုးမိုးက အကဲဖြတ်ဒိုင်များနှင့် အခမ်းအနားဖြစ်မြောက်အောင်ကူညီဆောင်ရွက်ပေးသူများအား ဂုဏ်ပြုငွေများပေးအပ်ခဲ့သည်။

ယင်းနောက် အဆင့်မြင့်ပညာမှအမျိုးဂုဏ်/ ဇာတိဂုဏ်ဘာသာရပ်တွင် ပထမရရှိသူ မောင်ဒီဇင်ဘာဝိုးလေး၊ အက ဘာသာရပ်တွင် ဆုရရှိသူနှင့် အတီး(ဆိုင်းအဖွဲ့လိုက်) ပြိုင်ပွဲတွင် အထူးဆုရရှိသော မမိုးပြည့်ပြည့်နိုင်နှင့်အဖွဲ့တို့မှ ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

(၄၁၀)

စာဖတ်ရှုန်မြှင့်တင်ရေး လှုပ်ရှားမှုပြိုင်ပွဲများကျင်းပ

ရန်ကုန် ဩဂုတ် ၁၅


ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှုန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားများဖြစ်သည့် လူငယ်ရေးရာဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ဉာဏ်စွမ်းရည်ပြိုင်ပွဲများကို ယနေ့တွင် ခရမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဆွေက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်နှင်းဝေက စာဖတ်ရှုန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လူငယ်နှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရီရီဝင်းက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနလက်ထောက်ဦးစီးမှူး ဒေါ်မေဇင်ဖြိုးက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန် နည်းလမ်းများကို လည်းကောင်း အသီးသီးဟောပြောကြသည်။

ယင်းနောက် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဉာဏ်စွမ်းရည်ပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပျော်ရွှင်တက်ကြွစွာဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

ခင်နှင်းဝေ(ပြန်/ဆက်)





တစ်နိုင်ငံလုံးမှာ AI တတ်ကျွမ်းမှုအစီအစဉ်ကို အကောင်အထည်ဖော်မယ်လို့ မိုဒီပြော

နယူးဒေလီ၊ ပြည်တွင်းရေး

သြဂုတ်လ ၁၅ ရက်မှာကျရောက်တဲ့ အိန္ဒိယနိုင်ငံရဲ့ နှစ်(၈၀) ပြည့်လွတ်လပ်ရေးနေ့မှာ အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက နိုင်ငံအတွင်း အကောင်အထည်ဖော်မယ့် စီမံကိန်းများစွာကို ထုတ်ဖော်ပြောသွားခဲ့ပါတယ်။ ဒီစီမံကိန်းတွေထဲမှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ AI နည်းပညာတတ်ကျွမ်းမှုအတွက်အကောင်အထည်ဖော်မယ့် အစီအစဉ်လည်းပါဝင်ပါတယ်။

နိုင်ငံတစ်ဝန်း AI နည်းပညာတတ်ကျွမ်းမှုအစီအစဉ်ဟာ တစ်နိုင်ငံလုံးရှိလူငယ် ၁၀ သန်းအတွက် အကျိုးရှိစေဖို့ရည်ရွယ်ထားတာဖြစ်တယ်လို့ မိုဒီက လွတ်လပ်ရေးနေ့ မိန့်ခွန်းမှာထည့်သွင်းပြောပါတယ်။ “မိမိတို့အနေနဲ့ မကြာသေးမီက AI နည်းပညာသက်ရောက်မှု ထိပ်သီးညီလာခံကိုကျင်းပခဲ့ပြီးပါပြီ။ AI နည်းပညာကိုချဲ့ထွင်မှုသည်လည်း အလွန်လျင်မြန်တဲ့နှုန်းနဲ့အကောင်အထည်ပေါ်လာနေပါတယ်။ လာမယ့် တစ်နှစ်အတွင်း နိုင်ငံအတွင်းရှိ လူငယ် ၁ ကုဋေ (၁၀ သန်း)ကို AI နည်းပညာတွေ သင်ကြားပေးသွားမှာပါ။ ဒါမှလည်း မိမိတို့ရဲ့လူငယ်တွေအနေနဲ့ ကမ္ဘာပေါ်ရှိ AI နည်းပညာမှာလည်း ဦးဆောင်နိုင်လာမှာဖြစ်ပါတယ်” လို့ မိုဒီကပြောထားပါတယ်။

နောက်ထပ်အကောင်အထည်ဖော်သွားမယ့်အစီအစဉ်တွေထဲမှာ ပြိုင်ဆိုင်မှုပြင်းထန်လှတဲ့စာမေးပွဲတွေမတိုင်မီ အွန်လိုင်းမှအခမဲ့သင်ကြားမှု၊ အရပ်ဘက်ကာကွယ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ အားကစားမှာလူငယ်ခြေတက်များကိုရှာဖွေမှု၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းများထုတ်လုပ်မှုကိုတိုးချဲ့မှုနဲ့ နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် ရည်မှန်းချက်အသစ်များချမှတ်မှုတို့ပါဝင်တယ်လို့ သိရပါတယ်။

Ref: Xinhua

အင်ဒိုနီးရှားမှာ ပြင်းအား ၇ ဒသမ ၇ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်လူ ၄၇ ဦးသေဆုံးထား

ဂျကာတာ၊ သဘာဝဘေး

အင်ဒိုနီးရှားနိုင်ငံမှာ သြဂုတ်လ ၁၅ ရက် နံနက်ပိုင်းတုန်းက ပြင်းအား ၇ ဒသမ ၇ မဂ္ဂနီကျူရှိအင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်သွားပါတယ်။ ငလျင်လှုပ်ပြီးနောက် ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများအောက်မှာ အသက်ရှင်ကျန်ရစ်သူများကိုကယ်ဆယ်နေစဉ်မှာပဲ လက်ရှိအချိန်အထိသေဆုံးသူ ၄၇ ဦးရှိတာကို တွေ့ရှိရတယ်လို့ တာဝန်ရှိသူများကပြောထားပါတယ်။

အဲဒီငလျင်က ဖလောရက်ကျွန်းမှာ လှုပ်ခတ်သွားတာပါ။ ငလျင်လှုပ်ပြီးနောက် လူ ၃၈ ဦးသေဆုံးကြောင်း ထုတ်ပြန်ထားရာကနေ သြဂုတ်လ ၁၅ ရက်ညပိုင်းမှာ သေဆုံးသူ ၄၇ ဦးအထိတိုးလာတာဖြစ်တယ်လို့ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီမှတာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ဖလောရက်ကျွန်းဆိုတာ အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းမှာတည်ရှိတာပါ။ အဲဒီနေရာဟာ ကမ္ဘာလှည့်ခရီးသွားများအများဆုံးလာရောက်လေ့ရှိတဲ့ နေရာလည်းဖြစ်ပါတယ်။ အခုတော့ ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်အလုံးပေါင်း ၁၆၀ နီးပါး၊ ပညာရေးနဲ့ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများစွာအပြင်အခြားသော အဆောက်အအုံများစွာပျက်စီးသွားခဲ့ရပါတယ်။

လက်ရှိအချိန်မှာ ကူညီကယ်ဆယ်ရေးအဖွဲ့ရဲ့ပထမဦးစားပေးလုပ်ငန်းက အသက်ရှင်ကျန်ရစ်သူများရှိရာနေရာများကိုရှာဖွေနိုင်ရေးဖြစ်တယ်လို့ ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောထားပါတယ်။ ဒါပေမဲ့ ငလျင်လှုပ်ခတ်ပြီးနောက်ဖြစ်ပွားတဲ့ မြေပြိုမှုများကြောင့် လမ်းများပြတ်သွားတဲ့အတွက် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးနေရပါတယ်။ တစ်ချိန်တည်းမှာပဲ ဖလောရက်ကျွန်းရှိဒေသခံများအနေနဲ့ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုအပြင် ဆက်သွယ်ရေးပြတ်တောက်မှုနဲ့ပါရင်ဆိုင်နေရတယ်လို့သိရပါတယ်။ Ref: AGC



ဟော်မုရေလက်ကြားက အမေရိကန်ပိုင်ဖြစ်လာမည်ဟူသော ပြောဆိုချက်ကို အီရန်ပြင်းထန်စွာတုံ့ပြန်

တီဟီရန်၊ စစ်ရေး

သိပ်မကြာတော့မယ့်အချိန်မှာ ဟော်မုရေလက်ကြားက အမေရိကန်နိုင်ငံပိုင်ဖြစ်လာတော့မယ်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောလိုက်ပါတယ်။ အဲဒီလိုပြောဆိုမှုအပေါ် အီရန်နိုင်ငံက သြဂုတ်လ ၁၅ ရက်မှာ ပြင်းထန်စွာတုံ့ပြန်လိုက်တာတွေ့ရပါတယ်။ စွမ်းအင်တင်ပို့ရေးအတွက်အရေးပါတဲ့ ဒီရေလက်ကြားဟာ ပိတ်ဆို့ခံထားရသည့်တိုင် အီရန်နိုင်ငံပိုင်သာဖြစ်နေမည်ဖြစ်တယ်လို့ အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောထားတာပါ။

ဒါ့အပြင် ဟော်မုရေလက်ကြားက အီရန်နိုင်ငံရဲ့ ကွပ်ကဲအုပ်ချုပ်မှုအောက်မှာသာ ပိတ်ခြင်းနဲ့ဖွင့်ခြင်းတို့ကိုဆောင်ရွက်သွားမှာဖြစ်တယ်လို့ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကာဇမ်ဂါရီဘာဘာဒီက လူမှုကွန်ရက်မှာ တင်ထားတာဖြစ်ပါတယ်။ Ref: ST

ကိုရီးယားစစ်ပွဲ တရားဝင်ပြီးဆုံးရေးအတွက် ဆွေးနွေးမှုလုပ်ရန် တောင်ကိုရီးယားအဆိုပြု



ဆိုး၊ စစ်ရေး

တောင်ကိုရီးယားနိုင်ငံနဲ့ မြောက်ကိုရီးယားနိုင်ငံတို့ကြားဖြစ်ပွားတဲ့ ၁၉၅၀-၁၉၅၃ ကိုရီးယားစစ်ပွဲဟာ တရားဝင်မပြီးဆုံးသေးပါဘူး။ စစ်ပြေငြိမ်းရေးစာချုပ်နဲ့သာတည်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် တောင်ကိုရီးယားသမ္မတ လီဂျေမြောင်က ကိုရီးယားစစ်ပွဲတရားဝင်ပြီးဆုံးစေရေးအတွက် မြောက်ကိုရီးယားနိုင်ငံနဲ့ ဆွေးနွေးမှုတွေလုပ်ဆောင်သွားဖို့ သြဂုတ်လ ၁၅ ရက်မှာအဆိုပြုလိုက်ပါတယ်။

တောင်ကိုရီးယားနဲ့မြောက်ကိုရီးယားဆိုတာ အရင်တစ်ချိန်တုန်းက တစ်နိုင်ငံတည်းပါ။ ၁၉၁၀ ပြည့်နှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်နိုင်ငံရဲ့လက်အောက်ကို ကျရောက်ခဲ့တာဖြစ်ပါတယ်။ အခု သြဂုတ်လ ၁၅ ရက်မှာဆိုရင် ဂျပန်နိုင်ငံရဲ့လက်အောက်မှလွတ်မြောက်ခဲ့တာ ၈၁ နှစ်ရှိပါပြီ။ ဒီနေ့လိုအချိန်မှာ တောင်ကိုရီးယားသမ္မတက အခုလိုမျိုးကိုရီးယားစစ်ပွဲအဆုံးသတ်ရေးအတွက် ဆွေးနွေးမှုတွေလုပ်ဖို့ တရားဝင်တောင်းဆိုလိုက်တာပါ။

“ကျွန်တော်တို့အနေနဲ့ တစ်ဦးကိုတစ်ဦး ခြိမ်းခြောက်နိုင်ရေးလုပ်ဆောင်နေတဲ့ရည်ရွယ်ချက်တွေကို ဘေးချထားပြီး နှစ်များစွာကြာမြင့်နေပြီဖြစ်တဲ့စစ်ပွဲအဆုံးသတ်စေရေးအတွက် တိုက်ရိုက်သက်ဆိုင်တဲ့နိုင်ငံများက ဆွေးနွေးမှုတွေစတင်လုပ်ဆောင်ဖို့ စတင်ကြရအောင်။ ဒီလိုမျိုးဆွေးနွေးမှုများမှတစ်ဆင့် မြောက်ကိုရီးယားနိုင်ငံရဲ့ နျူကလီးယားလက်နက်စွမ်းရည်များတိုးမြှင့်ရေးကိုရပ်တန့်နိုင်စေရေးအတွက် အကျိုးရှိတဲ့ဆွေးနွေးမှုကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်” လို့ လီဂျေမြောင်ကပြောထားပါတယ်။

မကြာမီဆောင်ရွက်တော့မယ့် အမေရိကန်နဲ့တောင်ကိုရီးယားတို့ကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ကန့်ကွက်ရှုတ်ချကြောင်း မြောက်ကိုရီးယားက ထုတ်ဖော်ပြောပြီးနောက် တောင်ကိုရီးယားသမ္မတက အခုလိုမျိုးဆွေးနွေးမှုလုပ်မယ့်အရေး အဆိုပြုလိုက်တာဖြစ်တယ်လို့သိရပါတယ်။

Ref: ST

ကာတာကဖမ်းထားတဲ့ လေယာဉ်မှူးများကို ပြန်လွှတ်ပေးဖို့ အီရန်တောင်းဆို

တီဟီရန်၊ စစ်ရေး

အရှေ့အလယ်ပိုင်းစစ်ပွဲဖြစ်ပွားတုန်းက ကာတာနိုင်ငံက အီရန်နိုင်ငံမှလေယာဉ်မှူးသုံးဦးကို အရှင်ဖမ်းဆီးထိန်းသိမ်းလိုက်နိုင်ပါတယ်။ အခု အဲဒီလေယာဉ်မှူးသုံးဦးကို ပြန်လွှတ်ပေးဖို့အတွက် အီရန်တာဝန်ရှိသူများက သြဂုတ်လ ၁၅ ရက်မှာတောင်းဆိုလိုက်ပါတယ်။

“စစ်ပွဲဖြစ်ပွားစဉ်တုန်းက အီရန်ရဲ့တိုက်လေယာဉ်များက ကာတာနိုင်ငံထဲဝင်ကျသွားပါတယ်။ အဲဒီနောက် ကာတာတပ်ဖွဲ့များက အီရန်တိုက်လေယာဉ်မှူးသုံးဦးကို အရှင်ဖမ်းဆီးရမိသွားပါတယ်။ အခုဆိုရင် သူတို့ထိန်းသိမ်းခံထားရတာ ခြောက်လရှိသွားပါပြီ။ သူတို့အနေနဲ့ မိသားစုနဲ့လည်းတွေ့ခွင့်မရပါဘူး။ ဒါကြောင့် သူတို့ကို ပြန်လွှတ်ပေးဖို့တောင်းဆိုပါတယ်” လို့ အီရန်ဗိုလ်ချုပ်ကြီး မိုဟာမတ်ဘက်ဟာဇေဒက်က အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီထံပေးပို့တဲ့စာမှာရေးသားဖော်ပြထားပါတယ်။ Ref: ST

တရုတ်လမ်းမတွေပေါ်ကနေ ဥရောပအထိခြေဆန့်လာတော့မယ့် အလိုအလျောက်မောင်း စမတ်ကားများ



အလုပ်သိမ်းချိန်မြို့ပြရဲ့ ရုတ်ရုတ်သဲသဲ လမ်းမပေါ်မှာ ကားမောင်းရတဲ့ စိတ်ဖိစီးမှုကို စမတ်နည်းပညာတွေက အစားထိုးပေးတော့မယ့်ခေတ်ကို ရောက်ရှိလို့လာပါပြီ။ တရုတ်နိုင်ငံ ပေကျင်းမြို့ရဲ့ လူအရှုပ်ဆုံးနေရာတစ်ခုဖြစ်တဲ့ စန်းလီထွန်းရပ်ကွက်ထဲမှာ ကားတွေ၊ ဘတ်စ်ကားတွေ၊ စက်ဘီးတွေ၊ လူတွေသိပ်ကိုရှုပ်လွန်းပါတယ်။ မီးပွိုင့် မီးနီရာကနေ မီးစိမ်းသွားတာနဲ့ အားလုံးပြိုင်တူ ရောထွေးသွားလာနေကြတဲ့ ဒီလို လမ်းမပေါ်မှာ Mercedes CLA ကားထဲထိုင်နေတဲ့ ဗားဝေါ်တာမန်းတစ်ယောက် ကတော့ အေးဆေးတည်ငြိမ်နေပါတယ်။ သူဟာ ကိုယ့်ကားပေါ်မှာတင် ခရီးသည်တစ်ယောက်လို ထိုင်နေရုံပါပဲ။ မြေပုံထဲမှာ သွားချင်တဲ့နေရာကိုရွေး၊ အလိုအလျောက် မောင်းစနစ်ကို စတင်လိုက်တာနဲ့တင် လျှပ်စစ်စနစ်တွေက သူ့ကိုမြို့ပြလမ်းကြိုလမ်းကြားတွေထဲကနေ အလိုအလျောက် ပို့ပေးနေတာဖြစ်ပါတယ်။

ဒီစမတ်စနစ်ဟာ လမ်းကြောင်းပြောင်းတာ၊ မီးနီရင်ရပ်ပြီး မီးစိမ်းရင်ပြန်ထွက်တာတွေကို အလိုအလျောက်လုပ်ဆောင်ပေးပါတယ်။ ကားလမ်းပိတ်နေချိန်မျိုးမှာဆိုရင် စက်ဘီးလမ်းထဲအထိ ပါးပါးနပ်နပ်နဲ့ ဝင်ပြီး မောင်းတာမျိုးတောင် ပြုလုပ်နိုင်ပါတယ်။ တရုတ်နိုင်ငံရှိ မာစီဒီးကုမ္ပဏီယာဉ်မောင်းအကူစနစ်တည်ဆောက်ရေးဌာန အကြီးအကဲကတော့ ဒီလိုမျိုးတစ်နေရာမှတစ်နေရာသို့ အလိုအလျောက်မောင်းနှင်တဲ့စနစ်ဟာ Autopilot ဆီသွားရာ လမ်းကြောင်းရဲ့ နောက်ထပ်ခြေလှမ်းတစ်ခုဖြစ်ပြီး Level 2++ လို့ သတ်မှတ်ထားကြောင်း ရှင်းပြပါတယ်။

လက်ရှိ တရုတ်နိုင်ငံရဲ့ စျေးကွက်မှာ ထွက်ရှိတဲ့ မာစီဒီးမော်ဒယ်သစ်တိုင်းမှာ ဒီစနစ်ကို အမေရိကန်ဒေါ်လာ ၁၄၄၀ ဝန်းကျင် အပိုကုန်ကျစရိတ်ပေးရုံနဲ့ တပ်ဆင်ရယူနိုင်နေပြီ ဖြစ်ပါတယ်။ ဂျာမနီမှာတော့ မာစီဒီးဟာ အလိုအလျောက်မောင်းနည်းပညာမှာရှေ့ဆောင်အဖြစ် စတီယာရင်ကို လက်လွှတ်မောင်းနှင်ခွင့် တရားဝင်ရရှိထားတဲ့တစ်ခုတည်းသော ထုတ်လုပ်သူဖြစ်ပေမယ့်လည်း တရုတ်စျေးကွက်မှာတော့ နောက်ကျကျန်ခဲ့တာဖြစ်ပါတယ်။ တရုတ်ပြည်တွင်း ဒီလိုစနစ်တွေ တပ်ဆင်ပေးထားပြီး စနစ်ကိုလည်း ပိုမိုရဲရဲဝံ့ဝံ့ မောင်းနှင်နိုင်အောင် စီမံထားပါတယ်။ Xpeng P7 ကို ပေကျင်းမြို့လမ်းမပေါ်မောင်းကြည့်ရင် လမ်းကြောင်းပြောင်းခြင်း၊ တခြားကားများကြား တိုးဝင်ခြင်းနှင့် ကွေ့ခါနီးမှကွေ့ခြင်းတို့ပြုလုပ်ပြီး ယာဉ်မောင်းကို ထိန်းချုပ်ခိုင်းတဲ့ အကြိမ်ရေလည်း မာစီဒီးထက်ပိုမိုနည်းပါးတာကို တွေ့ရပါတယ်။

ကျွမ်းကျင်သူများရဲ့အဆိုအရပြောရရင် ကီလိုမီတာ သန်းပေါင်းများစွာစမ်းသပ်ပြီးတဲ့နောက် ဒီစနစ်များကလူတစ်ယောက်ကဲ့သို့ မောင်းတတ်အောင်သင်ယူပြီးသွားပြီဖြစ်ကြောင်း သိရပါတယ်။ အတွေ့အကြုံရှိယာဉ်မောင်းတစ်ယောက်ကဲ့သို့ ငြိမ့်ငြိမ့်ညောင်းညောင်း မောင်းနှင်နိုင်တဲ့အပြင် ပေကျင်းလိုမျိုး လမ်းကျပ်နေရာတွေမှာ လိုအပ်ရင်လမ်းစည်းကမ်းအချို့ကို ပါးနပ်စွာ ချိုးဖောက်ပြီး ခရီးတွင်အောင်မောင်းနှင်နိုင်နေတာ ဖြစ်ပါတယ်။

ဒါ့အပြင် နည်းပညာထိပ်သီး Huawei ဦးဆောင်တဲ့ Hima အပြင် တရုတ်ထုတ်ကားအမှတ်တံဆိပ်များစွာက ယာဉ်မောင်းအနေနဲ့ ကားပေါ်ကနေဆင်းသွားသည့်တိုင် စခရင်ပေါ်မှာ နေရာရွေးပေးလိုက်ရုံနဲ့တင် ကားပါကင်ကို အလိုအလျောက်ဝင်ထိုးပေးနိုင်တဲ့နည်းပညာအထိ ပါဝင်လာခဲ့ပါပြီ။ ယခုအချိန် အထိ ဥရောပသားများဟာ ဒီလိုမျိုး အဆင့်မြင့်အလိုအလျောက်မောင်းနည်းပညာများကို တရုတ်နိုင်ငံတွင်းသာ ဒေးကြည့်နေရသော်လည်း မကြာမီအချိန်မှာ အပြောင်းအလဲများ ဖြစ်ပေါ်လာတော့မှာဖြစ်ပါတယ်။


"ဒီနှစ်မကုန်ခင်မှာပဲ ဂျာမနီရဲ့ ပထမဆုံးမြို့အချို့မှာ ဒီစနစ်ကိုစတင် မိတ်ဆက်ပေးသွားမှာပါ"လို့ မာစီဒီးရဲ့နည်းပညာတည် ဆောက် ရေးအကြီးအကဲဖြစ် တဲ့ ဂျော့ဘာဇားကပြောထားပြီး ၂၀၂၇ ခုနှစ်မှာ ဥရောပတစ်ခွင်လုံးဖြန့်ကြက်ဖို့ပြင်ဆင်နေတာပါ။တစ်ဖက်မှာလည်း Xpeng၊ Nio၊ BYD၊ Denza စတဲ့ တရုတ်ကားကုမ္ပဏီများစွာကလည်းဥရောပစံချိန်စံညွှန်းများနဲ့ ကိုက်ညီမှုရှိတဲ့ကင်မရာ၊ ဆင်ဆာများနှင့် နည်းပညာများကို အသင့်ပြင်ဆင်ထားပြီးဖြစ်တဲ့အတွက်ဥရောပဈေးကွက်အတွင်းသို့ လွယ်ကူစွာ ကူးပြောင်းထိုးဖောက်နိုင်စွမ်းရှိနေကြပါတယ်။

Auto Bild မဂ္ဂဇင်းရဲ့ အယ်ဒီတာချုပ် ရိုဘင်ဟောနင်းက "နည်းပညာရှုထောင့်မှကြည့်ရင် အခုဖြစ်ပေါ်နေတာက တကယ့်ကိုစိတ်လှုပ်ရှားစရာပါပဲ" လို့သုံးသပ်ထားပါတယ်။ ပြီးတဲ့အခါ ဒီနည်းပညာဟာ ဈေးနှုန်းအသင့်အတင့်နဲ့ ကားမောင်းသူအများအပြားထံသို့ လျင်မြန်စွာရောက်ရှိလာတော့မယ်လို့လည်း သူကဆက်ပြောပါတယ်။ အလိုအလျောက်မောင်းစနစ်များက ၁၀၀ ရာခိုင်နှုန်း အမှားအယွင်းကင်းတဲ့အခြေအနေတော့မရှိသေးပါဘူး။ တချို့အချိန်တွေမှာ စနစ်ကဝေဝါးသွားတဲ့အခါ ရုတ်တရက် ကားရပ်သွားခြင်း သို့မဟုတ် ဘရိတ်ဆောင့်အုပ်ခြင်းမျိုး ပြုလုပ်တတ်တဲ့အတွက် စိတ်ရှုပ်စရာအနည်းငယ်ရှိနိုင်ပါတယ်။ သို့သော်လည်း မော်တော်ယာဉ်နည်းပညာရဲ့ အနာဂတ်အတွက်ဆိုရင် အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ထားကြပါတယ်။

Ref: SCMP

ကိုထက်

လူတူစက်ရုပ်ပေါင်း ၂၀၅၆ ရုပ်ပါဝင်မယ့် ကမ္ဘာ့လူတူစက်ရုပ်အားကစားပြိုင်ပွဲ



အနာဂတ် သိပ္ပံရုပ်ရှင်တွေထဲမှာသာ မြင်တွေ့ခဲ့ရတဲ့ စက်ရုပ်တွေရဲ့ ကမ္ဘာဟာ အခုဆိုရင် လက်တွေ့ဘဝထဲကို ပိုနီးကပ်စွာ ရောက်ရှိလို့လာခဲ့ပါပြီ။ ဒုတိယအကြိမ်မြောက် ကမ္ဘာ့လူတူစက်ရုပ်အားကစားပြိုင်ပွဲကြီးကို လာမယ့်ဩဂုတ်လ ၂၂ ရက်ကနေ ၂၆ ရက်အထိ တရုတ်နိုင်ငံ ပေကျင်းမြို့မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားတော့မှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးမှာ တိုက်ကြီးခြောက်တိုက်၊ နိုင်ငံပေါင်း ၁၆ နိုင်ငံမှအသင်းပေါင်း ၆၆၆ သင်းလာရောက် ယှဉ်ပြိုင်ကြမှာဖြစ်ပြီး စုစုပေါင်းလူတူစက်ရုပ် ၂၀၅၆ ရုပ်က ပါဝင်ပြသယှဉ်ပြိုင်သွားကြမှာပါ။

ယခုနှစ်ပြိုင်ပွဲကို ပေကျင်းမြို့ပြအစိုးရနဲ့ China Media Group တို့ပူးပေါင်းကျင်းပတာဖြစ်ပြီး ပွဲကျင်းပမယ့်ရက်ကို ယခင်သုံးရက်မှ ယခုငါးရက်အထိ တိုးမြှင့်လိုက်ပါတယ်။ ပြိုင်ပွဲ ပွဲစဉ်ပေါင်း ၁၃၀၁ ပွဲ နဲ့ ပြိုင်ပွဲအမျိုးအစား ၅၁ မျိုးအထိ ပါဝင်မှာဖြစ်ပြီး အားကစားနည်းအမျိုး ၃၀ နဲ့ လက်တွေ့အသုံးချမှုစနစ်ပြိုင်ပွဲ ၂၁ မျိုး ပါဝင်ပါတယ်။ ဒါဟာ ပြီးခဲ့တဲ့နှစ် ပထမအကြိမ် ပြိုင်ပွဲကထက် အသင်းအရေအတွက် ၁၃၈ ရာခိုင်နှုန်းအထိ ပိုများလာတာဖြစ်ပြီး ပါဝင်တဲ့စက်ရုပ်အရေအတွက်ကတော့ ၄ ဆအထိ ပိုမိုများပြားလာတာပါ။ ဒီနှစ်မှာ အသစ်ထည့်သွင်းလိုက်တဲ့ အားကစားပြိုင်ပွဲတွေကတော့ အလျားခုန်၊ အလေးမ၊ လွှန်ခွဲပွဲ၊ စားပွဲတင်တင်းနစ်စတာတွေဖြစ်ပါတယ်။ ဒုံအပြင် လက်ဝှေ့ပွဲတွေ၊ စတန့်အကပြိုင်ပွဲတွေနဲ့ ကစားသမားစက်ရုပ်ခုနစ်ရုပ်စီယှဉ်ပြိုင်ရမယ့် ဘောလုံးပြိုင်ပွဲတွေကိုပါ ထည့်သွင်းထားပါတယ်။

လက်တွေ့အသုံးချမှု စိန်ခေါ်ပွဲတွေမှာလည်းပြီးခဲ့တဲ့နှစ်က ခြောက်မျိုးသာရှိရာမှ ဒီနှစ်မှာ ကိုးမျိုးအထိတိုးမြှင့်ပြီး အိမ်သုံး၊ ဟိုတယ်၊ စက်ရုံ၊ အရေးပေါ်ကယ်ဆယ်ရေး၊ ကုန် စည်ပို့ဆောင်ရေး၊ စာကြည့်တိုက်၊ အရောင်းဆိုင်၊ ရုံးဝန်ဆောင်မှုနဲ့ လျှပ်စစ်ကားအားသွင်းစနစ်စတဲ့ အခြေအနေတွေမှာ စက်ရုပ်တွေရဲ့ စွမ်းဆောင်ရည်ကို စမ်းသပ်သွားမှာ ဖြစ်ပါတယ်။

ဒုံအပြင် စက်ရုပ်တွေရဲ့လက်ချောင်းလှုပ်ရှားမှုစွမ်းရည်ကို စမ်းသပ်တဲ့ "Dexterous Hand Challenge" မှာဆိုရင် ကိရိယာတွေ တပ်ဆင်တာ၊ အမှုန့်များကိုခြင်တွယ်တာ၊ အတုံးများဆင့်တာ၊ သံရိုက်တာ၊ ပုလင်းအဖုံးဖွင့်တာ၊ ပစ္စည်းထည့်ထားတဲ့ဝုံးကို ဖွင့်တာ၊ တွဲဆက်ကြိုးများ တပ်ဆင်တာ စတဲ့အကဲဖြတ်မှုတွေပါဝင်ပါတယ်။

ဒီပြိုင်ပွဲကို စက်ရုပ်နည်းပညာထိပ်သီး နိုင်ငံတွေဖြစ်ကြတဲ့ အမေရိကန်၊ ဂျာမနီနဲ့ ဂျပန်နိုင်ငံတို့က အသင်းများ အသီးသီး စေလွှတ်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဘရာဇီးနိုင်ငံကလည်း စက်ရုပ်ကမ္ဘာ့ဖလားချန်ပီယံ မဟုတ်ဘဲ စက်ရုပ်ကိုယ်တိုင်စဉ်းစားထိန်းကျောင်းရမယ့် Autonomy စည်းမျဉ်းတွေကို ကုမ္ပဏီ ၁၅၇ ခု၊ တကွာသိုလ် ၂၇ ခုအပါအဝင် အသင်းပေါင်း ၆၄၁ သင်းနဲ့ စက်ရုပ်ပေါင်း ၁၉၇၅ ရုပ်ကပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ဒီနှစ်မှာတော့ ပြိုင်ပွဲစည်းမျဉ်းတွေကို ပိုမိုတင်းကျပ်ထားပါတယ်။ အပြေးပြိုင်ပွဲတွေရဲ့ အချိန်ကာလသတ်မှတ်ချက်တွေကို ထက်ဝက်ကျော်အထိလျှော့ချလိုက်ပြီး စက်ရုပ်တွေကို အဝေးထိန်းစနစ်နဲ့ ထိန်းချုပ်တာမျိုး မဟုတ်ဘဲ စက်ရုပ်ကိုယ်တိုင်စဉ်းစားထိန်းကျောင်းရမယ့် Autonomy စည်းမျဉ်းတွေကို ပြဋ္ဌာန်းထားပါတယ်။ စက်ရုပ်ဘောလုံးပြိုင်ပွဲမှာဆိုရင်လည်း အသင်းဖော်စက်ရုပ်နှစ်ရုပ်က ဘောလုံးကိုထိတွေ့ပြီးမှ သွင်းယူတဲ့ဂိုးကိုသာ အတည်ပြုပေးမှာဖြစ်ပါတယ်။ အခုအားကစားပွဲဟာ နည်းပညာတိုးတက်မှုကိုပြသရုံတင်မကဘဲ အနာဂတ်လူသားတွေရဲ့ လုပ်ငန်းခွင်နဲ့နေ့စဉ်ဘဝတွေထဲကို စက်ရုပ်တွေကဘယ်လောက်အထိ အစားထိုးဝင်ရောက်လာနိုင်မလဲဆိုတာကို သက်သေပြမယ့် အဓိကပွဲကြီးတစ်ပွဲဖြစ်လာတော့မှာပါ။

Ref: IE ၊ ကိုထက်



လက်ပံတန်းမြို့နယ်အတွင်း ရေဘေးကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိ

ပဲခူး ဩဂုတ် ၁၅

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်အတွင်း ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လက်ပံတန်းမြို့နယ်အုန်းကုန်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းရေတိုက်စားခြင်းအား ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ လက်ပံတန်းမြို့နှင့် မိုးညှိမြို့တို့ကို ရေဘေးကာကွယ်ပေးထားသည့် ဧရာဝတီမြစ်အရှေ့ဘက်ရှိ ရေဘေးကာကွယ်ရေးတာများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် လက်ပံတန်းမြို့နယ် ကွမ်းသီးတစ်ပင်ကျေးရွာအုပ်စု စာနီစုကျေးရွာအနီးရှိ ဧရာဝတီအရှေ့ဘက်ကမ်းတာ တာမိုင် ၉/၀၅၌ ကမ်းရင်းတာကမ်းပါးရေတိုက်စားမှုဖြစ်ပေါ်ခဲ့ရာ ကာကွယ်နေမှုအခြေအနေနှင့် ပန်းတာ တာကြံ့ခိုင်ရေးပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီအရှေ့ဘက်ကမ်း ရေဘေးကာကွယ်ရေးတာများသည် သက်တမ်းကြာမြင့်သည့် မြေသားတာပေါင်များဖြစ်ခြင်း၊ ဧရာဝတီမြစ်ကြောင်း ပြောင်းလဲခြင်းတို့ကြောင့် တာများ၏ကြံ့ခိုင်မှုကို ရေကင်းများထားရှိ၍ စဉ်ဆက်မပြတ်စောင့်ကြည့်ရန်၊ တာပြင်ဆင်ရန်လိုအပ်သည့် အထောက်အကူပြုပစ္စည်းများပြည့်စုံစွာထားရှိရန် မှာကြားသည်။

အလားတူ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ရေဘေးကာကွယ်ရေးတာများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်မှာကြားပြီး ထောက်ပံ့ပစ္စည်း၊ နေ့လယ်စာထမင်းဗူး၊ ကျန်းမာရေးဝန်ထမ်းများအတွက် ဂျီးမြွှင့်ငွေနှင့် စာနီစုရေဘေးကာကွယ်ရေး ပန်းတာကြံ့ခိုင်မှုဆောင်ရွက်နေကြသော ဌာနဆိုင်ရာများ၊ ဒေသခံလုပ်အားပေးများအတွက် ဂုဏ်ပြုငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ဥဿတိုင်းသား

မကွေးမြို့နယ် မြေနုကျွန်းကျေးရွာ ရေဘေးရှောင်ပြည်သူများအား စားသောက်ဖွယ်ရာနှင့် ပံ့ပိုးငွေများပေးအပ်

မကွေး ဩဂုတ် ၁၅

ဧရာဝတီမြစ်ရေဝင်ရောက်မှုများကြောင့် ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြရသည့် ရေဘေးရှောင်ပြည်သူများအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က စားသောက်ဖွယ်ရာနှင့်ပံ့ပိုးငွေများကို ယမန့်နေ့ မွန်းလွဲပိုင်းက ပေးအပ်ကြကြောင်း သိရသည်။

ရွေးဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်ကိုကိုသည် မကွေးမြို့နယ် မြေနုကျေးရွာအုပ်စု မြေနုကျေးရွာသို့သွားရောက်၍ ရေဘေးသင့်အိမ်ထောင်စုပေါင်း ၁၄၄ စုအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က အိမ်ထောင်စုတစ်စုလျှင် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် ရေသန့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၉ သိန်းကျော်ကိုလည်းကောင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ရေဘေးသင့်အိမ်ထောင်စုများမှ လူဦးရေ ၅၅၀ အတွက် တစ်ဦးလျှင် ဆန်ရိက္ခာဖိုးငွေကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၇ သိန်းကျော်ကိုလည်းကောင်း ရေဘေးရှောင်ပြည်သူများထံပေးအပ်သည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်သည် မကွေးတိုင်းအားကစားကွင်း၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ၂၀၂၆ ခုနှစ် ရေနံမြေသင်ဖိုးလှကြီးဒိုင်း အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပရာ ဗိုလ်လုပွဲစဉ်အဖြစ် ကသစ်မြေ (မြို့သစ် FC) ဘောလုံးအသင်းနှင့်မင်္ဂလာပါ (ပြည် FC) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုကြည့်ရှုအားပေး၍ ဆုရရှိသည့်ဘောလုံးအသင်းများအား တစ်ဦးချင်းဆုဆွဲပြား၊ ဒိုင်းဆုနှင့်ငွေသားဆုများပေးအပ်ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**



ချောင်းဆုံမြို့နယ် သံလွင်တံတား(ချောင်းဆုံ)တံတားတိုင်အမှတ် K12 နှင့် K13 ကြား အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိ

မော်လမြိုင် ဩဂုတ် ၁၅

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၈) မွန်ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ချောင်းဆုံမြို့နယ် သံလွင်တံတား (ချောင်းဆုံ) တံတားတိုင်အမှတ် K12 နှင့် K13 အကြား အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများသည် ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ထားသည့်ဘဏ္ဍာနှစ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးနိုင်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့်လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များကို သက်ဆိုင်ရာဌာန တာဝန်ရှိသူများအား မှာကြားသည်။



အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် Bamboo Floating Units (ဝါးရေတောင်မွေးတွဲဝါးဖောင်) အလျားပေ ၁၀၀၀ ချထားခြင်းလုပ်ငန်းကို ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၄၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချောင်းဆုံမြို့နယ်ရှိ မြို့နယ်ဘောလုံးကွင်းအတွင်း မြက်ခင်းထိန်းသိမ်းထားရှိမှု၊ ပွဲကြည့်စင်များနှင့်အားကစားခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ အားကစားကွင်း/အားကစားခန်းမများရေရှည်တည်တံ့ကောင်းမွန်စေရေးနှင့် စနစ်တကျပြုပြင်ထိန်းသိမ်းရေး၊ အားကစားလေ့ကျင့်မှုလွယ်ကူစွာ ပြုလုပ်နိုင်ရန်နှင့် အားကစားအဆင့်အတန်းမြင့်မားလာစေရန်စီမံဆောင်ရွက်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုနှင့် အလင်းရောင်ရရှိရေးတို့ကိုမှာကြားကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

တိုးမြစ်ရေ မအူပင်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၅

ယနေ့ည နေ ၂ နာရီအချိန် တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ စင်တီမီတာ (၂ လက်မခန့်) အလိုတွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဧလ)

▼ ကျောဖုံးမှအဆက်

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့်ဖြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။ မိုးကြိုးမည့် သတိပေးချက်နှင့် ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့တင်ပြသွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

(မိုး/ဧလ)

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၁ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့ပြီး အပြစ်ပေးအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၅

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ပါကစ္စတန်နိုင်ငံသားလေးဦး၊ အိန္ဒိယနိုင်ငံသားသုံးဦး၊ ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦး၊ ကင်မရွန်းနိုင်ငံသားတစ်ဦးနှင့် ကင်ညာနိုင်ငံသားတစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၁ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။



ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ပြည်ပနိုင်ငံသားများအား ပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

အဆိုပါ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၁၁ ဦးအား ပြည်ဝင်ခွင့်ဗီဇာ စည်းကမ်းဖောက်ဖျက်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလော) ပြဋ္ဌာန်းချက်များအက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)အရ ဥပဒေလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ တရားစွဲဆိုအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆ဦးထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၀ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၄၀ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များအက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့်ပြည်ပနိုင်ငံသား ၇၂၄ ဦး ရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၁၅

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန်အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ရေဆင်းကုန်းရွာနေ အမျိုးသမီးတစ်ဦးကို တစ်ရွာတည်းနေ ဒေါ်ချို(ခ) ဒေါ်ခင်မာချို့မှ တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်လိုပါက လစာကောင်းကြောင်း၊ လုပ်ကိုင်လိုပါက ဆက်သွယ်ပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး မူဆယ်မြို့ရှိ မရှမ်းမထံပို့ဆောင်၍ ထိုမှတစ်ဆင့်ချင်းရွှေဟော်မြို့နယ်စပ်ဂိတ်မှ တရုတ်နိုင်ငံသို့ ပို့ဆောင်ကာတရုတ်အမျိုးသားနှင့်ပေါင်းသင်းနေထိုင်ရန် ပို့ဆောင်ရောင်းစားခဲ့ကြောင်း စိစစ်သိရှိရသဖြင့်တောင်ငူမြို့နယ်၊အမှတ်(၃) နယ်မြေရဲစခန်း (ပ)၂၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ရာ ဩဂုတ်လ ၁၃ ရက်တွင် တောင်ငူခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ဒေါ်ချို(ခ) ဒေါ်ခင်မာချို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန်အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

မြဝတီ

အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့၊ မြန်မာစံတော်ချိန်(၀၄)နာရီ၊ (၂၈)မိနစ်၊ (၂၈)စက္ကန့်အချိန်တွင် လှုပ်ရှားခဲ့သော မြေငလျင်ပဟိုရုံချက်ပြမြေပုံ



နေပြည်တော် ဩဂုတ် ၁၅

ယနေ့နံနက် ၀၄ နာရီ ၂၈ မိနစ် ၂၈ စက္ကန့်အချိန်တွင် ကမ္ဘာအနေမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၂၄၄၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Flores Region, Indonesia) တောင်လတ္တီတွဒ် ၈ ဒသမ ၃၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၂၁ ဒသမ ၄၄ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာခန့်ကိုဗဟိုပြု၍ ပမာဏ ၇ ဒသမ ၅ (M) အဆင့်ရှိအင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

(မိုး/၈လ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၈-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	ရုံးရွာ	ပုသိမ်	မြန်ကြီးနား	စစ်ကွေ့	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၆၅၀	၃၈၀၅	၃၇၇၅	၃၆၆၅	၃၈၁၀	၃၈၂၅	၃၈၅၅	၃၇၃၅	၄၁၀၅	၄၁၃၅	၃၇၇၅	၃၈၀၀	၃၈၀၅	၃၈၀၅	၃၈၀၅	၄၀၄၅
95 Ron	၃၇၇၀	၃၉၂၅	၃၈၈၀	၃၇၉၀	၃၉၃၀	၃၉၄၅	၃၉၈၀	၃၈၆၀	၄၂၂၅	၄၂၅၅	၃၈၈၀	၃၉၀၅	၃၉၀၀	၃၉၂၅	၃၉၄၀	၄၁၆၅
HSD (500 ppm)	၄၀၂၀	၄၁၀၀	၄၁၂၀	၄၀၃၅	၄၁၀၀	၄၁၀၅	၄၂၈၅	၄၁၀၀	-	၄၄၈၀	၄၁၂၀	၄၄၆၀	၄၂၁၀	၄၁၀၀	၄၁၀၀	၄၃၉၅
HSD (50 ppm)	၄၀၇၀	၅၀၂၅	၄၉၇၅	၄၀၈၅	၅၀၃၀	၅၀၄၅	၅၀၇၅	၄၉၉၅	၅၃၂၅	၅၀၇၅	၅၀၀၀	၅၀၆၅	၅၀၂၅	၅၀၂၅	၅၀၃၅	၅၂၆၅
HSD (10 ppm)	၄၀၇၀	၅၀၂၅	၄၉၇၅	၄၀၈၅	၅၀၃၀	၅၀၄၅	၅၀၇၅	၄၉၉၅		၅၃၇၅	၄၉၇၅	၅၀၀၀	၅၀၂၅	၅၀၂၅	၅၀၃၅	၅၂၆၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၄၅၄	၃၅၁၇
95 Ron	၃၅၇၃	၃၆၇၈
HSD (500 ppm)	၃၈၂၅	၃၉၃၀
HSD (50 ppm)	၄၆၃၆	၄၇၅၈
HSD (10 ppm)	၄၆၃၆	၄၇၅၈

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ



စက်ရုံ၊ အလုပ်ရုံများပိတ်သိမ်းရခြင်းများရှိပါက အလုပ်ရှင်နှင့် အလုပ်သမားများ နစ်နာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားပိုင်းလည်း ထိခိုက်နိုင်

ရန်ကုန် ဩဂုတ် ၁၅

စက်ရုံ၊ အလုပ်ရုံများတွင် လုပ်သားအင်အားလျော့ချခြင်း၊ ပိတ်သိမ်းရခြင်းများရှိပါက အလုပ်ရှင်နှင့် အလုပ်သမားများ၏ အကျိုးစီးပွားများ နစ်နာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားပိုင်းကိုလည်း ထိခိုက်နိုင်ပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထပ်ဆင့်အားနည်းစေနိုင်ကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့ ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ကနောင်ခန်းမ၌ ကျင်းပသည့် လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်နှင့် ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အလုပ်ရှင်၊ အလုပ်သမားများ လုပ်ငန်းခွင်ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရေးအတွက် မည်သည့်ကိစ္စမဆို အပြုသဘောဆောင်၍ ဥပဒေနှင့်အညီ စက်ရုံအတွင်း ငြိမ်းချမ်းစွာညှိနှိုင်းဖြေရှင်းဆောင်ရွက်ကြရန်မှာကြားသည်။

အဆိုပါအစည်းအဝေးကို လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်နှင့်ပတ်သက်၍ အစိုးရမှဆောင်ရွက်ပေးနေမှု၊ အလုပ်ရှင်များမှလိုက်နာဆောင်ရွက်မှု၊ အလုပ်သမားများမှ လိုက်နာဆောင်ရွက်မှုနှင့် ခေတ်စနစ်နှင့်အညီ ပြုပြင်ဆောင်ရွက်သင့်သော အကြောင်းအရာများ၊ လုပ်ငန်းခွင်များတွင် ကြုံတွေ့နေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတိုင်ပင်ဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်နှင့် ပတ်သက်၍ဆွေးနွေးပြောကြားပြီးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ အလုပ်ရှင်၊ အလုပ်သမား၊ စက်မှုဇုန်များမှ ကိုယ်စားလှယ်များက အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်အားလိုက်နာဆောင်ရွက်မှုအခြေအနေနှင့် စာချုပ်ချုပ်ဆိုရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ စာချုပ်ပါလုပ်ငန်းခွင်စည်းကမ်းချက်များ၊ အလုပ်သမားရေးရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။

မြဝတီ

မိုးကောင်းမြို့နယ် ကျေးရွာအုပ်စုငါးအုပ်စုမှ ပြည်သူများအား အခမဲ့ ဆေးဝါးကုသပေး

မြစ်ကြီးနား ဩဂုတ် ၁၅

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး အထူးကုကွင်းဆင်းဆေးကုသရေးအဖွဲ့နှင့် ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းတို့ပူးပေါင်းပြီး မိုးကောင်းမြို့နယ် နမ္မနတိုက်နယ်ခွဲ ကျေးရွာအုပ်စုငါးအုပ်စုမှ ကျေးလက်နေပြည်သူများကို အခမဲ့ ကွင်းဆင်းဆေးကုသပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါပြည်သူများအား အခြေခံပညာအထက်တန်းကျောင်းခွဲ(နမ္မန)၌ မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးမှ သမားတော်၊ အထူးကုများ၊ သူနာပြုဆရာ/ဆရာမများပါဝင်သည့် အထူးကု ကွင်းဆင်းဆေးကုသရေးအဖွဲ့နှင့် ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လုပ်အားပေးအဖွဲ့ဝင်များ၏ အကူအညီဖြင့် ကျောက်ကပ်၊ နှလုံး၊ ဆီးချို၊ သွေးတိုး၊ အရေပြား၊ ကလေးအထူးကု၊ အရိုးအကြော၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားနှင့် ခံတွင်း၊ ဌက်ဖျား၊ သားဖွားမီးယပ်၊ မျက်စိရောဂါအပါအဝင် အထွေထွေရောဂါစစ်ဆေးကုသပေးနေမှု၊ တိုင်းရင်းဆေးဖြင့် ကုသပေးနေမှုနှင့် ဆေးနှင့် ဆေးဝါးပစ္စည်းများ အခမဲ့ထုတ်ပေးနေမှုတို့ကို ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်ဝန်ကြီးများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ သွားရောက်စဉ် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ကျေးရွာအုပ်စုများရှိ ရပ်မိရပ်ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာမတို့ထံ ပန်းခြင်းလက်ဆောင်များ၊ ကျေးရွာအတွင်း ရောက်ရှိနေထိုင်လျက်ရှိသော နေရပ်စွန့်ခွာအိမ်ထောင်စု ၄၁ စု တို့အတွက် ဆန်၂၄ ပြည်ပါ ဆန်အိတ်များ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီး၊ မိုးကောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပင်းဘောတိုက်နယ်ဆေးရုံ၊ နမ္မနကျေးလက်ဆေးပေးခန်းတို့မှ ကျန်းမာရေးဝန်ထမ်းများနှင့် ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းအတွက် ချီးမြှင့်ငွေများ၊ နမ္မနကျောင်းအုပ်နှင့်ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ငွေများ၊ နမ္မနကျေးရွာနှင့် တောင်နီကျေးရွာတို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသူများအတွက် ဝတ်စုံများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့ပြင် ကျေးရွာ အ.ထ.က (ခွဲ) ကျောင်းကို အ. ထ.က အဖြစ် ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ရေးတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ထုံးလုပ်နည်းနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

အကြမ်းဖက်လုပ်ရပ်များကြောင့် ဖလမ်းမြို့ ဗဟိုကျောင်းလမ်းတစ်လျှောက် ပျက်စီးသွားသည့်အပျက်အစီးများအား ရှင်းလင်းဖယ်ရှား

ဖလမ်း ဩဂုတ် ၁၅

ချင်းပြည်နယ် ဖလမ်းမြို့ ဗလိုင်ရပ်ကွက် ဗဟိုကျောင်းလမ်းတစ်လျှောက်ရှိ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးသွားသည့် အပျက်အစီးများကို ယနေ့တွင် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များ၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ စုပေါင်းလုပ်အားပေး အင်အား ၂၅၂ ဦးကို မုန့်နှင့် အချိုရည်များပေးဝေကြသည်။

ထို့ပြင် အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးသွားသည့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အဆောက်အအုံအပျက်အစီးများနှင့် ချုံနွယ်များကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုနှင့် ကျောင်းအဆောက်အအုံအကြီးစား



ပြုပြင်ရန်လိုအပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဆူရ်ဘုန်လေဆိပ်ရှိ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် လေဆိပ်အဆောက်အအုံများ၊ စက်ပစ္စည်းများနှင့် လေယာဉ်ပြေးလမ်းအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အလားတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ဒေသခံပြည်သူများစုပေါင်း၍ မြို့မရပ်ကွက်၊ အထက(ခွဲ)ကျောင်းလမ်းနှင့် ချယ်ရီလမ်းတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်မှု၊ မြို့မရပ်ကွက် အစ်နား(Itna) ရေထွက်အနီးဝန်းကျင် ချုံနွယ်များခုတ်ထွင်ရှင်းလင်းမှု၊ ကမ်ဟောက်လမ်းမကြီးဘေးတွင် မြို့နယ်လမ်းဦးစီးဌာနမှ မြေထိန်းနံရံတည်ဆောက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီအတွင်းရေးမှူးသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက လေးဆန်ရပ်ကွက်နှင့်ခေါဂုန်ရပ်ကွက်တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နေရှင်နယ်ဘဏ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဘင်ချယ်တန်နှင့်ဆဝီယာတက်ခ်တို့ ချန်ပီယံဆုများအသီးသီးဆွတ်ခူး

တိုရွန်တို ၊ ဩဂုတ် ၁၅

ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ကျင်းပခဲ့သည့် နေရှင်နယ်ဘဏ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ဘင်ချယ်တန်နှင့် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ဆဝီယာတက်ခ်တို့က ချန်ပီယံဆုများ အသီးသီးဆွတ်ခူးနိုင်ခဲ့သည်။

နေရှင်နယ်ဘဏ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အမေရိကန်တင်းနစ် ကစားသမားများဖြစ်ကြသည့် ဘင်ချယ်တန်နှင့် နာကာရီမာတို့ကစားရာ ဘင်ချယ်တန်က အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဘင်ချယ်တန်သည် ၂၀၂၅ ခုနှစ် နေရှင်နယ်ဘဏ် အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည့်အတွက် နေရှင်နယ်ဘဏ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည့် စတုတ္ထမြောက်ကစားသမားဖြစ်လာသည်။

အလားတူ နေရှင်နယ်ဘဏ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပိုလန်တင်းနစ်မယ် ဆဝီယာတက်ခ်နှင့် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာနီကာတို့ကစားရာတွင်လည်း ဆဝီယာတက်ခ်က အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

ဆဝီယာတက်ခ်သည် ယခုနှစ် တင်းနစ်ရာသီတွင် ရလဒ်ကောင်းများရရှိရန် အစောပိုင်းက ရုန်းကန်ခဲ့ရသော်လည်း လက်ရှိပြိုင်ပွဲတွင် ရလဒ်များပြန်လည်ကောင်းမွန်လာကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref;Tennis 365





လက်စတာအသင်းပိုင်ရှင် ပရာဟာက အသင်းကို စတာလင်ပေါင် ၂၂၄ သန်းဖြင့် ပြန်လည်ရောင်းချမည်

လန်ဒန် ၊ ဩဂုတ် ၁၅

ထိုင်းလူမျိုး ပရာဟာက လက်စတာအသင်းကို စတာလင်ပေါင် ၂၂၄ သန်းဖြင့် ပြန်လည်ရောင်းချမည်ဖြစ်သည်။

လက်စတာအသင်းကို ပရာဟာ၏ဖခင်ဖြစ်သူ ခွန်ဗီချိုင်းဦးဆောင်သည့် King Powers လုပ်ငန်းစုက ၂၀၁၀ ပြည့်နှစ်က စတာလင်ပေါင် ၃၅ သန်းဖြင့် ဝယ်ယူခဲ့ပြီး အသင်းကို ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ခွန်ဗီချိုင်းလက်ထက်တွင် လက်စတာအသင်းအနေဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ အောင်မြင်မှုများရယူနိုင်ခဲ့သည်။

လက်စတာအသင်းကို ခွန်ဗီချိုင်းဦးဆောင်ခဲ့သည့် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ထိပ်တန်းအသင်းကြီးများကိုကျော်ဖြတ်ပြီး ပရီးမီးယားလိဂ်ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်အထိ အံ့အားသင့်ဖွယ် အောင်မြင်မှုများဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ၂၀၁၉ ခုနှစ်တွင် လက်စတာအသင်း ပိုင်ရှင် ခွန်ဗီချိုင်းလိုက်ပါစီးနင်းခဲ့သည့် ရဟတ်ယာဉ်သည် လက်စတာအသင်းအိမ်ကွင်းဖြစ်သည့် King Powers အားကစားကွင်းအနီး၌ ပျက်ကျခဲ့ပြီး ခွန်ဗီချိုင်းနှင့်လိုက်ပါလာသူအားလုံး သေဆုံးခဲ့ပြီး နောက် လက်စတာအသင်းကို သားဖြစ်သူ ပရာဟာက ဆက်လက်ဦးဆောင်ခဲ့ခြင်းဖြစ်သည်။

လက်စတာအသင်းသည် ပရာဟာဦးဆောင်ခဲ့ပြီး နောက်ပိုင်းတွင် အသင်းငွေကြေးပိုင်း၊ အသင်းရလဒ်ပိုင်း စသည်ဖြင့် ကွင်းတွင်း၊ ကွင်းပြင်ရုန်းကန်ခဲ့ရပြီး ၂၀၂၂- ၂၀၂၃ ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရသည်အထိ ကျဆင်းခဲ့ရခြင်းဖြစ်သည်။

ထို့နောက် လက်စတာအသင်းသည် နောက်ပိုင်းနှစ်များတွင် အသင်းငွေကြေးပိုင်းများအခက်ကြုံလာပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အသင်းဝင်ငွေထွက်ငွေစည်းမျဉ်းချိုးဖောက်မှုများကြောင့် ရမှတ် လျော့ချခံခဲ့ရသည့်အတွက် အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲမှ အင်္ဂလန်လိဂ်-၁ ပြိုင်ပွဲအထိ တန်းဆင်းခဲ့ရသည်။ လက်ရှိတွင် ပရာဟာဦးဆောင်သည့် King Powers အုပ်စုက လက်စတာအသင်းကို စတာလင်ပေါင် ၂၂၄ သန်းဖြင့် ပြန်လည်ရောင်းချရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref:One Football

ချယ်လ်ဆီးအသင်းက အန်ဇိုဖာနန်ဒက်အား မန်စီးတီးအသင်းထံ ရောင်းချမည့်အစီအစဉ်ကို သတ်မှတ်ချိန်ကျော်လွန်သည့်အတွက် ပြန်လည်ရုပ်သိမ်း



လန်ဒန် ၊ ဩဂုတ် ၁၅

ချယ်လ်ဆီးအသင်းက အသင်းမှ ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်အား မန်စီးတီးအသင်းထံ ရောင်းချမည့်အစီအစဉ်ကို သတ်မှတ်ချိန်ကျော်လွန်သည့်အတွက် ပြန်လည်ရုပ်သိမ်းခဲ့သည်။

မန်စီးတီးအသင်းသည် အသင်းကွင်းလယ်ပိုင်းအတွက် နော်တင်ဟမ်အသင်းမှ အန်ဒါဆန်အား မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သော ယူရို သန်း ၁၂၀ ဖြင့် ခေါ်ယူထားပြီးဖြစ်သော်လည်း အသင်းမှ ကွင်းလယ်ကစားသမား ရိုဒရီအနေဖြင့် အနာဂတ်မရေမရာဖြစ်နေပြီး ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိနေသည့်အတွက် အန်ဇိုဖာနန်ဒက်နှင့်ပြန်လည်အစားထိုးရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အစောပိုင်းက အန်ဇိုဖာနန်ဒက်အနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အပြောင်းအရွှေ့သတင်းများထွက်ပေါ်နေသော်လည်း နောက်ပိုင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းက အန်ဇိုဖာနန်ဒက်အား ခေါ်ယူမည်မဟုတ်ကြောင်း အတည်ပြုခဲ့ပြီးနောက် မန်စီးတီးအသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အန်ဇိုဖာနန်ဒက်ကိုယ်တိုင်ကလည်း ပြီးခဲ့သည့် ရက်ပိုင်းက မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားလိုသည့်အတွက် မန်စီးတီးအသင်းနှင့် အန်ဇိုဖာနန်ဒက်တို့ကြား ပုဂ္ဂိုလ်ရေးအရသဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် ချယ်လ်ဆီးအသင်းကလည်း အန်ဇိုဖာနန်ဒက်ကို အသင်းမှထွက်ခွာလိုပါက ခွင့်ပြုပေးခဲ့ပြီး မန်စီးတီးအသင်းထံ ပြောင်းရွှေ့ကြေး ယူရို သန်း ၁၂၀ ဖြင့် ဩဂုတ်လ ၁၄ ရက်နောက်ဆုံးထားပြီး တရားဝင်ကမ်းလှမ်းမှုလုပ်ဆောင်ရန် ခွင့်ပြုပေးထားသော်လည်း မန်စီးတီးအသင်းအနေဖြင့် ချယ်လ်ဆီးအသင်း သတ်မှတ်ထားသည့်အချိန်အတွင်း ကမ်းလှမ်းမှုတစ်စုံတစ်ရာမရှိသည့်အတွက် ချယ်လ်ဆီးအသင်းက မန်စီးတီးအသင်းထံ ရောင်းချမည့်အစီအစဉ်ကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းက အန်ဇိုဖာနန်ဒက်၏ကိုယ်စားလှယ်အဖွဲ့ထံ ခေါ်ယူလိုသည့်အသင်းများအနေဖြင့် ဩဂုတ်လ ၁၄ ရက်နောက်ဆုံးထားပြီး ကမ်းလှမ်းရမည်ဖြစ်ပြီး သတ်မှတ်ချိန်ကျော်လွန်ပါက ရောင်းချမည့်အစီအစဉ်ကို ရုပ်သိမ်းမည်ဟုပြောကြားထားကြောင်း သိရသည်။

Ref:Fabrizio Romano

လက်ရှိကစားသမား အပြောင်းအရွှေ့ကာလ သတင်းအတိုများ

❍ အာဆင်နယ်အသင်း တောင်ပံကစားသမား မာတင်နယ်လီနှင့် တူကီယဲကလပ် ဂါလာတာဆာရေး အသင်းတို့၏အပြောင်းအရွှေ့သတင်းမှာ ကောလာဟလသတင်းသာဖြစ်ပြီး ပြောင်းရွှေ့ရန်အစီအစဉ်မရှိကြောင်း မာတင်နယ်လီက အတည်ပြုခဲ့သည်။

❍ ကိုမိုအသင်းက ချယ်လ်ဆီးအသင်း ခံစစ်ကစားသမား ချာလိုဘက်အားခေါ်ယူပြီးနောက် နောက်ထပ် ချယ်လ်ဆီးအသင်းတိုက်စစ်ကစားသမား ဒီလက်အား ခေါ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်နေသည်။

❍ ပီအက်စ်ဂျီအသင်းက အေဂျက်အသင်း တိုက်စစ်ကစားသမား ဂျဲဒ်အား ပြောင်းရွှေ့ကြေး ယူရို ၅၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး လာမည့်ရက်သတ္တပတ်အတွင်း စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။

❍ အက်စ်တွန်ဗီလာအသင်းက လိုအပ်ချက်များရှိနေသည့် အသင်းခံစစ်ကစားသမားများနေရာအတွက် ဝက်စ်ဟမ်းအသင်းမှ ဝမ်ဘစ်ဆာကာအားခေါ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်နေသည်။

❍ ဘာစီလိုနာအသင်းက ခေါ်ယူရန်ကြိုးပမ်းနေသည့် မန်စီးတီးအသင်းမှ ရိုဒရီအား တတိယအကြိမ် ကမ်းလှမ်းရန် ပြင်ဆင်နေသည်။

ရွှေညောင်မြို့၌ ဖူဆယ်အားကစားရုံအသစ်ဖွင့်လှစ်

ရွှေညောင် သြဂုတ် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့၌ ဖူဆယ်အားကစားရုံအသစ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပခဲ့ပြီး ဖူဆယ်အားကစားရုံခန်းမကို ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာကော်မတီ နာယကပြည်နယ်ဝန်ကြီးချုပ်ဦးစိုင်းထိန်စိုးနှင့် ပြည်နယ်ဝန်ကြီးများက ဖွင့်လှစ်ပေး၍ ကမ္ဘည်းမော်ကွန်းကို အမွေးနုံ့သာရည်များ ပက်ဖျန်းပေးသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်ကအား ထားရသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွက်လာစေရန် ယခုလို အားကစားရုံအသစ်တည်ဆောက်ပေးခြင်း ဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်းပြောကြားပြီး ဘင်ခရာတပ်ဖွဲ့နှင့် ရှမ်းယဉ်ကျေးမှုအကအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ထို့ပြင်ဖူဆယ်အားကစားရုံတည်ဆောက်ခဲ့သည့် ကုမ္ပဏီမှတာဝန်ရှိသူက အားကစားရုံနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လက်ခံရယူ၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဖူဆယ်ဘောလုံးများ ပေးအပ်ရာ ရှမ်းပြည်နယ်ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူက လက်ခံရယူပြီး ၂၀၂၆ ခုနှစ် SHAN FUTSAL LEAGUE ကလပ်ပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် AON FC အသင်းနှင့် ADONIS FC အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

Fire Dragon International Futsal Cup 2026 ပြိုင်ပွဲ ရန်ကုန်မြို့၌ကျင်းပမည်

ရန်ကုန် သြဂုတ် ၁၅

Fire Dragon Energy Drink မှ အဓိကပံ့ပိုးကူညီပေးပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီတို့ ပူးပေါင်းကျင်းပမည့် Fire Dragon International Futsal Cup 2026 နိုင်ငံတကာဖိတ်ခေါ်ဖလား ဖူဆယ်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၅ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ MFF Futsal Stadium ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပြည်ပနိုင်ငံများမှ ကလပ်အသင်းသုံးသင်းနှင့် ပြည်တွင်းကလပ်အသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ပြည်တွင်းကလပ်အသင်းများတွင် YRG FC ၊ YCDC Dream TEAM FC ၊ MIU FC ၊ M2K FC နှင့် TG United FC တို့ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ကြသည်။

ထို့အတူ ပြည်ပကလပ်အသင်းများအနက် ကမ္ဘောဒီးယားကလပ်အသင်းဖြစ်သည့် LUCKY FC အသင်းနှင့် ထိုင်းနိုင်ငံမှ ထိပ်တန်းဖူဆယ်ကလပ်တစ်သင်းဖြစ်သည့် Black Pearl United တို့ပါဝင်ကြမည်ဖြစ်ကာ ကျန်ရှိသည့်ပြည်ပကလပ်အသင်းအား အသိပေးထုတ်ပြန်သွားမည်ဖြစ်ကြောင်းသိရသည်။

ကမ္ဘောဒီးယားကလပ် LUCKY FC အသင်းသည် 2025 Cambodian Futsal Championship ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးရရှိထားပြီး 2026 Rithy Jesda Futsal Super Cup တွင်လည်း ချန်ပီယံဖြစ်ခဲ့သည်။ ထို့အတူ ထိုင်းကလပ် Black Pearl United အသင်းသည်လည်း ထိုင်းဖူဆယ်လိဂ်တွင် အချိန်တိုအတွင်း အင်အားကြီးအသင်းတစ်သင်းအဖြစ် တည်ဆောက်လာနိုင်ခဲ့ပြီး 2023 Thai Futsal League တွင် Runner-up ရရှိထားသည်။

Fire Dragon International Futsal Cup 2026 ပြိုင်ပွဲကို အသင်းလေးသင်းပါဝင်သော အုပ်စုနှစ်ခုခွဲကာ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုတစ်ခုလျှင် ထိပ်ဆုံးနှစ်သင်းစီ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းသိရသည်။ **ဝန်းရံခ**

➧ MNL U-20 မှ

ပထမပိုင်း အပြန်အလှန်ယှဉ်ပြိုင်ကစားရင်း ပွဲကစားချိန် ၃၂ မိနစ်တွင် ဟံသာဝတီအသင်းအတွက် ဦးဆောင်ဂိုးကို ပယ်နယ်တီမှတစ်ဆင့် အောင်ဇော်ဦးက သွင်းယူသွားသည်။ ပွဲကစားချိန် ၄၅+၂ မိနစ်တွင်လည်း သူရည်ညီက ဟံသာဝတီအသင်းအတွက် ဒုတိယဦးဆောင်ဂိုးကို အနီးကပ်ပိတ်သွင်းယူခဲ့ပြန်သည်။ ပွဲကစားချိန် ၄၅+၃ မိနစ်တွင် စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ပယ်နယ်တီမှတစ်ဆင့် ပိုင်ဃက်ဦးက သွင်းယူပေးနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် နှစ်ဖက်အသင်းတိုက်စစ်မြှင့်ကစားခဲ့ကြရာ ပွဲကစားချိန် ၆၄ မိနစ်နှင့် ပွဲကစားချိန် မိနစ် ၇၀ တို့တွင် သူရည်ညီက ဟံသာဝတီယူနိုက်တက်အသင်းအတွက် တတိယဂိုးနှင့်စတုတ္ထဂိုးတို့ကို သွင်းယူနိုင်ခဲ့သလို ပွဲကစားချိန် ၇၈ မိနစ်တွင် Day Jar က စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ဒုတိယချေပဂိုးကို သွင်းယူပေးခဲ့သည်။ လက်ကျန်ပွဲကစားချိန်များအား ဆက်လက်ယှဉ်ပြိုင်ကြရင်း ပွဲကစားချိန် မိနစ် ၈၀ တွင် အောင်ဇော်ဦးက ဟံသာဝတီယူနိုက်တက်အသင်းအတွက် ပဉ္စမမြောက်ဂိုးကိုသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက ၅ ဂိုး ၂ ဂိုးဖြင့် စစ်ကိုင်းယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့သည်။

ထို့အတူ သီဟဒီပကွင်း၌ယှဉ်ပြိုင်ကစားသည့် အဆင့် ၅ နေရာမှ ရှမ်းယူနိုက်တက်အသင်းနှင့် အဆင့် ၃ နေရာမှ ဒဂုံစတားယူနိုက်တက်အသင်းတို့ပွဲသည် သူတစ်ပြန်ကိုယ်တစ်ပြန် အကြိတ်အနယ်ရှိခဲ့သည်။ ပြီးခဲ့သည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက GALAXY အသင်းကို အနိုင်ရရှိထားပြီး ဒဂုံစတားယူနိုက်တက်အသင်းကလည်း စစ်ကိုင်းယူနိုက်တက်အသင်းကိုအနိုင်ရရှိထား၍ နိုင်ပွဲရအသင်းနှစ်သင်းတွေ့ဆုံကြပြီး ပထမအကျော့ နောက်ဆုံးပွဲစဉ်တွင် အနိုင်ရလဒ်ဖြင့်သိမ်းရန် ယှဉ်ပြိုင်ခဲ့ကြသည်။

ပထမပိုင်းပွဲစသည်နှင့် နှစ်ဖက်လုံးတိုက်စစ်ဖွင့် ကစားခဲ့ကြသော်လည်း ဘောလုံးအပျက်များခဲ့သည်။ ဦးဆောင်ဂိုးရရှိရေး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ဂိုးသွင်းခွင့် အခွင့်အရေးများရရှိခဲ့ကြသော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိကြ၍ ဂိုးမရှိသရေဖြင့်သာ ပထမပိုင်းပြီးဆုံးခဲ့သည်။ ဒုတိယပိုင်းတစ်ပိုင်းလုံးတွင်လည်း နှစ်ဖက်လုံးတိုက်စစ်မြှင့်ကစားခဲ့ကြသည်။ သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ရင်း ပွဲကစားချိန် ၉၂ မိနစ်အရောက်တွင် ရှားကိုကိုက ဒဂုံစတားယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကိုသွင်းယူပေးခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း ချေပဂိုးရရှိရေးကြိုးစားခဲ့သော်လည်း ဂိုးရလဒ်ပြောင်းလဲနိုင်ခြင်းမရှိခဲ့ဘဲ ဒဂုံစတားယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်းသိရသည်။ **ဝန်းရံခ**

➪ မန္တလေးမြို့မှ

အသက် ၆၀ နှစ်နှင့်အထက် ၁၂ ဦး အပါအဝင်အသက် ၁၆ နှစ်နှင့်အထက်အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၄၉၁ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးသည်။

ပြိုင်ပွဲစတင်တာလွှတ်ပေးသည်နှင့်ပြိုင်ပွဲဝင်များသည် တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)မှ အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)အထိ ၄၃ မိုင်ခရီးကို သတ်မှတ်လမ်းကြောင်းများအတိုင်း စီးနင်းယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် တာဝန်ရှိသူများက ဆုရရှိသူများကို ဆုများထိုက်တန်စွာ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို စက်ဘီးစီးအားကစားလှုပ်ရှားမှုကို ပိုမိုမြှင့်တင်ပေးနိုင်ရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် ထူးချွန်သောစက်ဘီးစီးအားကစားသမားများ ပိုမိုပေါ်ထွက်လာစေရန်၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုနိုင်ရန်၊ ဥယျာဉ်နှစ်ခု၏ သဘာဝဝန်းကျင်နှင့် ရာသီဥတုအခြေအနေအလိုက် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ ထိန်းသိမ်းစောင့်ရှောက်မှုအပေါ် ပိုမိုသိရှိစိတ်ဝင်စားလာစေရန်၊ ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်လူမှုစီးပွားရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ **မြဝတီ**

➦ ကျောဖုံးမှအဆက်

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၆၀ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၆၃ ဒသမ ၅ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို (ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို(ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသမီး ၅၄ ကီလိုပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် အမျိုးသား ၆၀ ကီလို လူသစ်တန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ရာဇထွန်း(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ လှိုင်မျိုးထွန်း(အပြာ)တို့ ယှဉ်ပြိုင်ရာ လှိုင်မျိုးထွန်း(အပြာ)က လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဝေါဟောဇော် (အနီ)နှင့် မွန်ပြည်နယ်အသင်းမှ လွင်ထူးစံ(အပြာ) တို့ယှဉ်ပြိုင်ရာ လွင်ထူးစံ (အပြာ) ကလည်းကောင်း၊ ဇော်ဝတီတိုင်းဒေသကြီးအသင်းမှခန့်ဇင်ကျော်(အနီ)နှင့်ပဲခူးတိုင်းဒေသကြီးအသင်းမှ သန်းလင်းအောင် (အပြာ)တို့ ယှဉ်ပြိုင်ရာ သန်းလင်းအောင် (အပြာ)ကလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ သူထူးအောင် (အနီ)နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ သန်းဇော်ဦး(အပြာ)တို့ယှဉ်ပြိုင်ရာ သန်းဇော်ဦး(အပြာ)ကလည်းကောင်း၊ အမျိုးသား ၆၃ ဒသမ ၅ ကီလို လူသစ်တန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ကောင်းခန့်ဇော်(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ အောင်ခန့်ဖြိုး(အပြာ)တို့ယှဉ်ပြိုင်ရာ ကောင်းခန့်ဇော်(အနီ)ကလည်းကောင်း၊ ကယားပြည်နယ်အသင်းမှ ဘတ်နက်ဒက်ဂျန်း(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မင်းခန့်ဇော်(အပြာ)တို့ ယှဉ်ပြိုင်ရာ မင်းခန့်ဇော်(အပြာ)က လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ မင်းခန့်သူ(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ စရဲမြင့်အေး(အပြာ)တို့ယှဉ်ပြိုင်ရာ စရဲမြင့်အေး (အပြာ)က လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ အောင်အောင်ဟိန်း (အနီ)နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ လွင်ကိုကိုထက်(အပြာ) တို့ယှဉ်ပြိုင်ရာ လွင်ကိုကိုထက်(အပြာ)က လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ထို့ပြင် အမျိုးသား ၅၄ကီလို(ဂ အဆင့်) ပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ ဟာခေါဂေ(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ကျော်ကျော်(အပြာ)တို့ယှဉ်ပြိုင်ရာ အောင်ကျော်ကျော်(အပြာ)ကလည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ ပြည့်ညီညီအောင် (အနီ)နှင့် မွန်ပြည်နယ်အသင်းမှ စောပြည့်စုံဖြိုး(အပြာ)တို့ ယှဉ်ပြိုင်ရာ စောပြည့်စုံဖြိုး(အပြာ)ကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ အုံထူးခန့်(အနီ)နှင့် ရှမ်းပြည်နယ်အသင်းမှ မင်းသူရိန်(အပြာ)တို့ယှဉ်ပြိုင်ရာ အုံထူးခန့်(အနီ)က လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ စောပစော်ဖော(အနီ)နှင့် ကယားပြည်နယ်အသင်းမှ ထွန်းထွန်းနိုင်(အပြာ)တို့ ယှဉ်ပြိုင်ရာ စောပစော်ဖော(အနီ)ကလည်းကောင်း၊ အမျိုးသား ၆၇ ကီလို (ဂ အဆင့်)တွင် မွန်ပြည်နယ်အသင်းမှအောင်ကျော်မျိုး(အနီ)နှင့် မန္တလေးတိုင်းဒေသကြီးအသင်းမှ နန္ဒ(အပြာ)တို့ယှဉ်ပြိုင်ရာ နန္ဒ(အပြာ)ကလည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ လမိုင်ဗျင်းအောင် (အနီ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဟိန်းထက်(အပြာ)တို့ ယှဉ်ပြိုင်ရာ ဟိန်းထက်(အပြာ)ကလည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ အောင်သန်းဇော်မြင့်(အနီ)နှင့် ဇော်ဝတီတိုင်းဒေသကြီးအသင်းမှ အောင်ဟိန်းစွမ်း(အပြာ)တို့ယှဉ်ပြိုင်ရာ အောင်သန်းဇော်မြင့်(အနီ)ကလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး ၅၄ ကီလိုပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ နန်းနွဲ့နွဲ့နှောင်(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သဏ္ဌာမင်း(အပြာ)တို့ယှဉ်ပြိုင်ရာ နန်းနွဲ့နွဲ့နှောင်(အနီ)ကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ထက်ထက်ဝေ(အနီ)နှင့် ကယားပြည်နယ်အသင်းမှ ကော်ရက်တီ(အပြာ)တို့ယှဉ်ပြိုင်ရာ ကော်ရက်တီ(အပြာ)ကလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

သြဂုတ်လ ၁၆ ရက် **(ယနေ့)** ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် အမျိုးသား ၅၁ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၇ ကီလို(ဂ အဆင့်) ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ရာ အားကစား၀ါသနာရှင်များ မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **မြဝတီ**

ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား **Myawady Webportal**(www.myawady.net.mm/cadets)နှင့် **Myanmar National Portal**(https://bit.ly/4hQEmg3)တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၂၇-၈-၂၀၂၆** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများနှိုးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်**။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)





ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက်လိုအပ်သော ကျန်းမာရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ် - Tender.7.Med Supplies(2026-2027)
တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၇-၈-၂၀၂၆ ရက်နေ့
တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၃၁-၈-၂၀၂၆ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၁၀၈၅/၀၆၇-၃၄၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အ.ထ.က(၂၇) Grade-3(E) မှ အဘ ဦးလှိုင်ဝင်းအောင်၏သား မောင်ဘုန်းပြည့်လှျံ၏အမည်မှန်မှာ မောင်ဘုန်းပြည့်သျှံဖြစ်ပါကြောင်း။

မောင်ဘုန်းပြည့်သျှံ

ပျောက်ဆုံးကြောင်း

နီလာဝင်း(ဘ)ဦးသိန်းဝင်း ၁၀/လမန(နိုင်) ၀၀၂၃၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၉၀၃၂၈၀၆

ပျောက်ဆုံးကြောင်း

တင်မာဝင်း(ဘ)ဦးသိန်းဝင်း ၉/ပဘာန(နိုင်) ၂၇၁၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၁၅၅၆

ပျောက်ဆုံးကြောင်း

အောင်မြတ်မိုး(ဘ)ဦးစိန်ဝင်း ၉/စကန(နိုင်) ၁၆၆၃၂၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၇၅၄၇၈

ပျောက်ဆုံးကြောင်း

ဥူးကွန်က(ဘ)ဦးရှမ်း ၉/မဟမ(သ)ရဟန်း အမှတ်စဉ်၀၀၃၃၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၇၅၄၇၈

ဖခင်အမည်မှန်

အထက(၅)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-12 မှ နေ့ဝါးလေးထူး၏ဖခင် ဦးဝင်းဆယ်၏အမည်မှန်မှာ ဦးဝင်းစယ် ၁၄/သပန(နိုင်)၀၄၄၀၀၃၃ ဖြစ်ပါကြောင်း။

ဦးဝင်းစယ်

ဖခင်အမည်မှန်

အထက(၅)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-12 မှ နေ့ဝါးလေးထူး၏ဖခင် ဦးမူးစောဏ်၏အမည်မှန်မှာ စောမူးလံစော ၁၄/ပသန(နိုင်)၁၇၀၃၀၃၃ ဖြစ်ပါကြောင်း။

စောမူးလံစော

ပျောက်ဆုံးကြောင်း

ယဉ်ယဉ်ဇော်(ဘ)ဦးကြည်မင်း ၁၂/သကတ(နိုင်)၀၂၅၃၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 940175)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၈၂၁၅၄၄

ပျောက်ဆုံးကြောင်း

မျိုးသန့်(ဘ)ဦးကြွယ် ၁၂/သကတ(နိုင်) ၀၄၆၃၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၆၂၀၅၄၀

ပျောက်ဆုံးကြောင်း

ယဉ်ယဉ်မွန်(ဘ)ဦးအောင်ဝင့်ဇော်၉/ပဥလ(နိုင်)၀၅၉၄၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၇၀၀၃၉၅၂

ပျောက်ဆုံးကြောင်း

အိမွန်ဇော်(ဘ)ဦးဝင်းဇော် ၁၂/သလန(နိုင်) ၁၂၆၆၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MJ 868384)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၁၄၀၄၀၃၃၃

ဖခင်အမည်မှန်

အထက(၅)ပုသိမ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ Grade-12 မှ နော်ကျူးလိယက်စေး၏ဖခင် ဦးဟဲဘွယ်ထူး၏အမည်မှန်မှာ စောဟဲပွယ်ထူး ၁၄/သပန(နိုင်)၀၈၈၈၂၆ ဖြစ်ပါကြောင်း။

စောဟဲပွယ်ထူး

ပျောက်ဆုံးကြောင်း

စုစုကြည်(ဘ)ဦးဗိုထူး ၇/အဖန(နိုင်) ၁၁၀၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 529058)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။


ဖုန်း-၀၉-၂၅၀၅၁၁၀၇၇


ပျောက်ဆုံးကြောင်း

ပဲသူးမြို့၊ ကလျာဏီရပ်ကွက်နေ ဝင်းစည်သူ(ဘ)ဦးသန်းဌေး ၇/ပခန(နိုင်)၂၆၂၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၉၉၉၅၁၁၈၅


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
lpm
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


SMART
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော
သာဓုခေါ်စရာ အရသာထူး ဒိတ်ရွှင်ကြည်နူး ....
ရွှေဖီး
Black Tea
Tea Mix
Lemon Tea
SHWE PHE OO
Lemon Tea
ရွှေဖီး BLACK TEA (နေ့ခင်းတရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၃၁၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ထာဝရလှပသော အပြုံးအတွက်
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
DENTOMEC
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC
MAXIMUM STRENGTH WITH FLUORIDE
RELIEVES PAINFUL SENSITIVITY

- နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
- နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

နိုင်ငံ့တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၄/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

နေပြည်တော် သြဂုတ် ၁၅

ပြည်သူ့စစ်မှုထမ်း၃ပဒေအရ ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ပြီး တပ်ရင်း/တပ်ဖွဲ့အသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို အမြဲတမ်း စစ်မှုထမ်းများနှင့်အတူ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၄/၂၀၂၄)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလအတိုင်း တာဝန်ကျေပွန်စွာထမ်းဆောင်ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို သြဂုတ်လ ၁၂ ရက်တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ဂုဏ်ပြုအခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီးဖြစ်သည်။


ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်းတစ်ဦးပီသစွာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် **စာမျက်နှာ ၁၅ ကော်လံ ၁ ➢**



နိုင်ငံ့တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၄/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာသောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့် နေရာကွက်၍မိုးကြိုးနိုင်

မိုးလေဝသနှင့်လေဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၄-၈-၂၀၂၆ ရက်နေ့မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၈-၈-၂၀၂၆ ရက်နေ့မှ ၂၁-၈-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



နေပြည်တော် သြဂုတ် ၁၅

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနိုင်ခြင်းကြောင့် လည်းကောင်း သြဂုတ်လ ၁၈ ရက်မှ ၂၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ **စာမျက်နှာ ၂၅ ကော်လံ ၁ ▼**

ဆောင်းပါး

ဝါဂွမ်းဖြူဖြူ အညစ်အကြေးမထူစေဖို့ ဝါဂွမ်းသန့်စင်မှုနည်းပညာ

စာ - ၁၃ သို့

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ



ရန်ကုန် သြဂုတ် ၁၅

မျိုးဆက်သစ်ရိုးရာလက်ဝှေ့အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်လာစေရန်ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး **စာမျက်နှာ ၂၉ ကော်လံ ၄ ➦**

အင်ဒိုနီးရှားမှာ ပြင်းအား ၇ ဒသမ ၇ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ် လူ ၄၇ ဦးသေဆုံးထား

နိုင်ငံတကာ စာ - ၂၃ သို့

မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) မှ အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) အထိ စီးနင်းယှဉ်ပြိုင်ရသည့် လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲတွင် အသက် ၆၀ နှစ်နှင့်အထက် ၁၂ ဦး အပါအဝင် စုစုပေါင်း ၄၉၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့



မန္တလေး သြဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီးသစ်တောဦးစီးဌာန၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) မှ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်) အထိ စီးနင်းယှဉ်ပြိုင်ရသည့် Mountain Bike (MTB) လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲကို ယနေ့ နံနက်၅နာရီခွဲတွင် တိရစ္ဆာန် ဥယျာဉ်(ရတနာပုံ) ရှေ့၌ ကျင်းပရာ **စာမျက်နှာ ၂၉ ကော်လံ ၄ ➪**

MNL U-20 လူငယ်လိင်္ဂပြိုင်ပွဲတွင် ဟံသာဝတီအသင်းနှင့် ဒဂုံစတားအသင်းတို့နိုင်ပွဲရရှိ



ရန်ကုန် သြဂုတ် ၁၅

2026 MNL U-20 လူငယ်လိင်္ဂအမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၃)တတိယနေ့ပြိုင်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိခဲ့ကြသည်။

စာမျက်နှာ ၂၉ ကော်လံ ၁ ➧